မြန်မာ့ကြေးမုံ The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (25-7-2010) (၆၄၇၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော်　　ဇူလိုင်　　၂၄

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒသာမိတို့ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် ပင့်ဖိတ်ထားသည့်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**✳

၂၅-၇-၂၀၁၀
(တနင်္ဂနွေနေ့)

ရထားလမ်းသစ်ကွန်ရက်များ ဆက်လက်ပေါ်ထွက် ကုန်စည်ပို့ဆောင်သွားလာမှု မြန်ဆန်တိုးတက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွားမြင့်မားရေးတို့တွင် ရေမြေရာသီဉတုကောင်းခြင်း၊ သဘာဝ သယံဇာတပေါများ ကြွယ်ဝခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ခြင်းတို့သည် အခြေခံလိုအပ်ချက်များ ဖြစ်သည်။

နိုင်ငံအတွင်း ရေမြေရာသီဉတု သဘာဝသယံဇာတများ ကောင်းမွန်ကြွယ်ဝသည်။ နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရန် အခြေခံအဆောက်အအုံများကိုဖြည့်ဆည်းပေးနေသည်။ မြစ်ချောင်း၊ တောင်တန်း သဘာဝမြေပြင်အနေအထား ကန့်သတ်ချက်များကို ကျော်ဖြတ်၍ မော်တော်ကားလမ်းသစ်များ၊ ရထားလမ်းသစ်များ၊ မြစ်ကူး၊ ချောင်းကူးတံတားများစွာတို့ကိုဖောက်လုပ်တည်ဆောက်နေပြီပြည်ထောင်စုတစ်ဝန်း အရှေ့-အနောက်-တောင်-မြောက် လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ကြပေပြီ။

ဖွံ့ဖြိုးတိုးတက်မှု အခြေခံလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဧရာဝတီတိုင်းသည် အပါအဝင်ဖြစ်သည်။ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းမကြီးများနှင့်အတူ တံတားကြီးများကိုလည်း ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ တံတားကြီးငယ်များလည်းပါဝင်သည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရာဇူဒိုင်တံတား အမှတ်(၁)ကို ယခုရက်ပိုင်းအတွင်းက ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

နယ်မြေဒေသအသီးသီးရှိ သယံဇာတများနှင့် ဒေသထွက်ကုန်အများအပြားကို ဈေးကွက်ရှိရာသို့ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်ခြင်းသည် ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုတွင် များစွာအရေးပါသည်။ မြန်မာ့မီးရထားက ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်နေသည်။ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ရထားလမ်းများ၊ ရိုးမဖြတ်ကျော်ဖောက်လုပ်ထားသည့် အရှေ့-အနောက် ရထားလမ်းများပါဝင်သည်။ ခရီးသွားလာမှု လွယ်ကူစေရန် ပြီးစီးနေသည့် ရထားလမ်းပိုင်းအချို့ကို ဖွင့်လှစ်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းအတွင်း ဟင်္သာတ-ဓနုဖြူ-စက္ကော့(ညောင်တုန်း) ရထားလမ်းစီမံကိန်း၊ ဟင်္သာတ-ဇလွန်လမ်းပိုင်း ၁၆ မိုင်ကျော်ကို ဇူလိုင် ၂၁ ရက်က ဖွင့်လှစ်လိုက်သည်။ ပုသိမ်-ရန်ကုန်(လှိုင်သာယာ) ၈၉ မိုင်ရှည် ရထားလမ်းကိုလည်းတစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိရာ အဆိုပါရထားလမ်းများဆက်စပ်ပြီး ရန်ကုန်သို့ သွားရောက်နိုင်ကြမည်ဖြစ်သည်။ အဓိကထွက်ကုန် ဆန်စပါး၊ ပဲအမျိုးမျိုးစသည့် လယ်ယာထွက်ကုန်များနှင့် ရေထွက်ကုန်ပစ္စည်းမျိုးစုံကို ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်ပေးနိုင်ပေတော့မည်။

ယခုအခါ ဧရာဝတီတိုင်းတစ်ခွင်တွင် ရေကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းကိုပါ အသုံးပြုဆက်သွယ်သွားလာနိုင်ကြပြီ။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့်ကုန်စည်များကို အချိန်တိုအတွင်း များပြားစွာ သယ်ယူပို့ဆောင်ပေးနိုင်သည်ဖြစ်ရာ ရထားလမ်းသစ်များ ဆက်လက်ပေါ်ထွက်လာမှုနှင့်အတူ ဒေသစီးပွားဖွံ့ဖြိုးကုန်စည်ပို့ဆောင်သွားလာမှုများ ပိုမိုမြန်ဆန်တိုးတက်ကောင်းမွန်ဝေစည်လာမည်ဖြစ်ပါသည်။ ။

ယာဉ်စည်းကမ်းလိုက်နာရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်မှ ခရိုင်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်ကြည်ကြည်အိ ခေါင်းဆောင်သောအဖွဲ့သည် ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမကြီး (ပြည်ထောင်စု ခုံးကျော်တံတားအနီး)ပေါ်၌ မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှု ရှိ၊ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် သတ်မှတ်ယာဉ်များ မောင်းနှင်ခြင်း ရှိ၊ မရှိ၊ စည်းကမ်းနှင့် ညီညွတ်မှု ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (ကညန)

ပြည်သူ့ သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ရွှေဘိုခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၆ရက်တွင် မုံရွာ-အရာတော်- ရွှေဘိုကားလမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေးဝဲ၊ ယာရှိ မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝက်လက်မြို့နယ် စိုင်နိုင်ကြီးကျေးရွာအနီး တောင်သူတစ်ဦး၏ စပါးစိုက်ခင်းရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် ရိတ်သိမ်းပြီးစပါးများအား ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ခြွေလှေ့ပြီး စပါးတင်းထွက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ရွှေဘိုမြို့နယ် ရေကြည်ဝကျေးရွာသို့ ရောက်ရှိကြပြီး မူးမြစ်ကူးတံတား (ရန်ကြီးအောင်)တည်ဆောက်ရေးစီမံကိန်းပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပန္နက်တင်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ယင်းနောက် တိုင်းမှူးသည် မူးမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မူးမြစ်ကူးတံတား တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားတည်ဆောက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။ယင်းနောက် မူးမြစ်ကူးတံတား တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အလှူငွေပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ရွှေဘိုမြို့ မဟာနန္ဒာကန်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြား၍ ကန်သစ်တိုးချဲ့တူးဖော်နေမှုနှင့် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရေဦးမြို့နယ် ပြွတ္တုံကျေးရွာသို့ ရောက်ရှိကြပြီး တောင်သူတစ်ဦး၏ စိုက်ဧရိယာအတွင်း ပျိုးထောင်ထားရှိမှု အခြေအနေနှင့် ထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ တိုင်းမှူးသည် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန သတ္တမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန သတ္တမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနရုံး အဆောက်အအုံပတ်ဝန်းကျင်၌ ကျင်းပရာ ဝန်ကြီး ဦးလှထွန်းတက်ရောက်၍ ပိန္နဲပင်ကိုစိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် အခွန်အယူခံခုံအဖွဲ့ရုံးစိုက်ခင်း၌ ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးပြီး ငုရွှေဝါပင်ကိုစိုက်ပျိုးပေးသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပင်စင်ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများသည် မိမိတို့ဌာန စိုက်ခင်းများ၌ အရိပ်ရ အပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက်ဝန်ကြီးသည်ပြည်တွင်းအခွန်များဦးစီးဌာန လျှိုပိတ်ဆည်၌ ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများက ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

သတ္တမအကြိမ်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ခုနှစ် သတ္တမအကြိမ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် ကျွန်း၊ ပိတောက်၊ စိန်တလုံးသရက်၊ ပိန္နဲ၊ စိန်ပန်း၊ ငုရွှေဝါပင် စုစုပေါင်း ၂၅၀၀ စိုက်ပျိုးခဲ့ကြပြီး လျှိုပိတ်ဆည်အတွင်း ငါးမြစ်ချင်းနှင့် ငါးခုံးမ ကောင်ရေ ၅၀၀၀ကို စိုက်ထည့်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Understanding Bank Management & Financial Services သင်တန်းဖွင့်မည်

နေပြည်တော် ဇူလိုင် ၂၄

MBA ဘွဲ့ရများဖြင့် ဖွဲ့စည်းထားသည့် Myanmar Business Executives Network မှ ဖွင့်လှစ်ထားသည့် Business Capacity Building(BCB) Centre မှ Understanding Bank Management & Financial Services သင်တန်းကို ဇူလိုင် ၃၁ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။ ထိုသင်တန်းသည် ဘဏ်လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုကိုစိတ်ပါဝင်စားလေ့လာနေသူများ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်မည့်သူများ၊ ဘဏ်လုပ်ငန်းအပေါ် ပိုမိုနားလည် တတ်ကျွမ်းလိုသူများအတွက် အထူးရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ၄ရက်ဖြစ်ပြီး ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၈ရက် စနေနှင့် တနင်္ဂနွေနေ့တို့တွင် ညနေ ၅နာရီခွဲမှ ၇ နာရီခွဲအထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးဈေးကွက်များ (Bank Management and Stock Market)နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ နိုင်ငံတကာဘဏ်လုပ်ငန်း(International Banking)၊ ဘဏ်ဥပဒေသများ (Banking Law)၊ ဘဏ်တစ်ခုစီ၏ စွမ်းဆောင်မှုကို လေ့လာစိစစ်ခြင်း (Understanding Bank Performance)၊ ငွေကြေးနှင့် Risk စီမံခန့်ခွဲခြင်း (Fund and Risk Management) စသည်တို့ သိသင့်သိထိုက်သည့် အခြေခံဗဟုသုတများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် Dr. Thaung Han M.B.,B.S, Dip.B.L, E.M.B.A (Y.I.E), M.B.A (Purdue, USA), Ph.D Candidate (University of Taxas,EP)ကအခြား MBA ဘွဲ့ရလုပ်ငန်းရှင်များနှင့်တွဲ၍ ပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။စိတ်ဝင်စားသူများအနေဖြင့် BCB Centre တည်ရှိရာ အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၃၈၅၃၁၊ E-mail; bcbcentre @mptmail.com.mm နှင့်bcbcentre009@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တအောင်း(ပလောင်)မိသားစု (၁၁)ကြိမ်မြောက် နှစ်ပတ်လည်ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်ရောက် တအောင်း(ပလောင်) မိသားစုများနှင့် နမ့်ဆန်သူ၊ နမ့်ဆန်သားများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၂၆ ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗောဓိနမ့်ဆန်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း-၅၀၀၇၉၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒီမော့ဆိုမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကားဒီယိုသည် အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ လိုက်ပါလျက် ယမန်နေ့တွင် ဒီမော့ဆိုမြို့နယ် နောင်ပုလဲကျေးရွာအုပ်စု၊ ဒီမော့ဆိုကျေးရွာအုပ်စုနှင့် မြို့မရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ရောက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပြုစုထားရှိမှုနှင့် ရုံးဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှု၍မြို့မရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အတူ မြို့မရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ဒီမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ၍ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အောက်ခြေထိကွင်းဆင်းကြိုးကြပ်ရန် ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ ညွှန်ကြားချက် အမှတ်(၂/၂၀၁၀)နှင့်အညီ လိုက်နာဆောင်ရွက်ရေး ကိစ္စရပ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုမဲရုံမှူးများနှင့် ဒု-မဲရုံမှူးများ၏ လုပ်ငန်းတာဝန်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများဆိုင်းဘုတ်တင်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ ဦးဆောင်မှုဖြင့် အမှတ်(၁၀)ရပ်ကွက် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီတွင်ကျင်းပရာ ပန်းဘဲတန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ အမှတ်(၁၀)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြသောင်းနှင့် ကော်မရှင်အဖွဲ့ဝင်များက ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

အလားတူ ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၏ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲဝင်များ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

✻ **ရှေ့ဖုံးမှ**

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမျှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆) အမှတ်(၂၈)ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၄

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၂၈)တွင် မြန်မာနိုင်ငံ၏ ရုပ်ရှင်ရုံတွဲဖက်ပါ ပထမဆုံးရှော့ပင်းမောလ်မော်တင်တာဝါ ဖွင့်တော့မည်၊ ငါးသိန်းတန်ဖုန်း ပြောဆိုရလွယ်ကူရန် ရေဒီယိုစခန်းများ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တိုးမြှင့်တပ်ဆင်နေ၊ ဖမ်းဆီးခံရသော လိုင်စင်ရှိဆိုင်ကယ်များ ဒဏ်ကြေးငွေ ဆောင်ပါက ပြန်ထုတ်ယူနိုင်၊ (၆၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံရေးပါတီ ၂၀ ခန့် ပထမဆုံးတက်ရောက်ခွင့်ရခဲ့၊ ၂၀၁၂ တွင် အင်တာနက်စနစ်များ ပြတ်တောက်မည်ဟုဆို၊ ရန်ကုန်မြို့ လူစည်ကားရာနေရာများတွင် စီးကရက်အရောင်းမြှင့်တင်မှုပိုများလာ၊ မြို့မငြိမ်း ပုံတူထုလုပ်၊ လာနီညာကြောင့် ယခုမိုးနှောင်းကာလ အပြင်းစားမုန်တိုင်းများ ဖြစ်လာဖွယ်ရှိ၊ သင်္ဘောသားအချို့ကို လိမ်လည်သင်္ဘောတင်ပေးခဲ့သည့် အမှုတစ်ခုဖြစ်ပွား၊ စအိုပေါက်မပါသည့်ကလေးတစ်ဦး အကူအညီလိုအပ်နေ၊ တန်ပိုတင်လာသော ကုန်တင်ယာဉ်များကို ဖြတ်သန်းခွင့်ပြုနေသည့် စခန်းများအား ထိရောက်စွာအရေးယူတော့မည်၊ ယောက္ခမဒေါသကြောင့် သမက်မှာ အသက်ဆုံးရစသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ကမ္ဘာ့ဖလားကပေးသော သင်ခန်းစာများ Myanmar CHANNEL၊ ဆိပ်ခွန်ရာသမိုင်းဝင် အင်ကြင်းတောစေတီတော် Myanmar DISCOVERY၊ ဆရာဘုန်းလူလှ၏ နိုင်ငံရေးသဘောတရားများ၊ တပ်မတော်အစိုးရကို ပူးပေါင်းသင့်တယ် Political Column၊ မိတ်ဆွေပေါ်များစေမည့် နည်းလမ်းသုံးရပ်၊ ပျော်စရာနေ့များကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

သတင်းအချက်အလက် တနင့်တပိုးပါရှိရေးက စာဖတ်သူတို့အား ဆွဲဆောင်မှုပြုစေမည့် တစ်ခုတည်းသောနည်းလမ်းဖြစ်၊ မလေးရှားရဲတပ်ဖွဲ့က ကုန်လှောင်ရုံတစ်ခုအား ဝင်ရောက်စီးနင်းရာ ရှားပါးငှက်များနှင့် တောရိုင်းတိရစ္ဆာန် အမြောက်အမြားတွေ့ရှိ၊ ဂျာမနီပေါလ်ပြီးတော့ တရုတ်ပေါလ်၊ ပန်းကန်ပြားပျံတွေလာပြီ၊ မိုဘိုင်းလ်ဖုန်းဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူနိုင်တော့မည်၊ Titanic မင်းသမီး ကိတ်ဝင်းစလက် ကွာရှင်းတော့မည်၊ အီတလီရဲတပ်ဖွဲ့က ထိပ်တန်းမာဖီးယားဂိုဏ်းအား ဖြိုခွင်း၊ မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှု ရပ်တန့်လေပြီ၊ စင်ကာပူတွင် နိုင်ငံခြားသားလုပ်သား တစ်သိန်းကျော်ခန့် လိုအပ်ဖွယ်ရှိ၊ ကမ္ဘာ့ဖလားဘောလုံး လောင်းကစားမှုအား စစ်ဆင်ရေးတစ်ရပ်ဖြင့်ဖြိုခွင်း စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၁)(ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆း၅၀ ဖူးရောက်စေချင်သည် ဗန္ဓိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
၇း၀၀ MRTV-4 သတင်း
၇း၄၅ လောကအလင်းရောင် ဝိပဿနာ ဉာဏ်တန်ဆောင်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၇)**
၈း၃၀ Sports World (Sunday Special)
၈း၅၅ Activities In The City
- Myanmar Insurance of Health Insurance Seminar
- DH Dance Studio ၏ (၁)နှစ်ပြည့် အခမ်းအနား
၉း၁၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "လန်းတယ်ဆိုလာထား"
၉း၄၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
၁၁း၀၀ ရှေးဟောင်းအမွေ ဆည်ကန်ရေ စိမ်းစိုလန်းဖြာမြကန်သာ
၁၁း၀၅ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
၁၁း၃၀ ဈေးဝယ်လမ်းညွှန် (United Living Mall)
၁၁း၅၅ အိမ်တွင်းပုန်းများမကြည့်ရ (နေတိုး၊ သက်မွန်မြင့်) (ဒါရိုက်တာ-ဇာဏီထက်လင်း)
၁၂း၀၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၂) (ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၁၂း၃၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၁၂း၄၅ ပူဇော်လှူဒါန်းကြာသင်္ကန်း
၁း၀၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၁)(ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (အတူလုပ်တာကောင်းတယ်၊ အတူမလုပ်တာကောင်းတယ်)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၇)**
၄း၂၀ Activities In The City
- Myanmar Insurance of Health Insurance Seminar
- DH Dance Studio ၏ (၁)နှစ်ပြည့်အခမ်းအနား
၄း၄၅ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
၅း၁၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၂) (ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၅း၃၀ ဗီဒီယိုပြခန်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၅၀ ASEAN Journalists
၇း၃၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (အတူလုပ်တာကောင်းတယ်၊ အတူမလုပ်တာကောင်းတယ်)
၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၇)**
၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၁၀း၁၅ ဈေးဝယ်လမ်းညွှန် (United Living Mall)
၁၀း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
၁၀း၅၀ ဗီဒီယိုပြခန်း
၁၁း၀၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "လန်းတယ်ဆိုလာထား"
၁၁း၃၀ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၁း၄၀ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
၁၁း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနေးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသောပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

✳စာမျက်နှာ ၃ မှ

ဆက်လက်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

သင်္ကန်းကပ်လှူ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမွှာစုံထောက် (အပိုင်း-၂၄)**
၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ရသောသူ**
၁၂း၃၀ ၆။ ကျန်းမာသုတ
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၅)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ **ဘဝကြေးမုံ**
၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - လေဟုန်ခွင်းတဲ့ သူရဲကောင်း(အပိုင်း-၃၄)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၂၃)**
၂၁။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၁၃)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၇-၂၀၁၀ (တနင်္ဂနွေနေ့)
၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ရက်၊ (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၅ ၅။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (တရားဦးရတနာဓမ္မစကြာနှင့် ဓမ္မဒူတမိန့်ခွန်းတော်) (ကုန္ဒာဆွေစီစဉ်ရေးဖွဲ့ပူဇော်သည်)
၈း၂၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၄၀ ၇။ International News
၈း၄၅ ၈။ တေးဂီတအစီအစဉ်
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ” (အပိုင်း-၂၈)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် “ခုတော့သိပြီ မင်းကိုကိုယ်ချစ်သည်” (စိုးသူ၊မေဆွိ၊မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြီးမြင့်)**
၂း၃၅ ၇။ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ ဓမ္မစကြာဝတ်အသင်း၏ဓမ္မစကြာ ဒေသနာတော်(အမေး၊အဖြေ)
၂း၅၀ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)(အထက ၁၊ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (မြန်မာစာ)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၆။ ဝါဆိုလဘွဲ့တေးများ
၅း၁၀ ၇။ “ကျောင်းကန်ဘုရားကုသိုလ်ပွားကောင်းမှုထိုထိုလဝါဆို”
၅း၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ **ကာတွန်းအစီအစဉ်** "BUGS' ADVENTURES" **(အပိုင်း-၂၁)**
၆း၄၀ ၁၂။ **တစ်မျက်နှာတစ်ကွက်စာ “အမေဟာခုတော့သမီးပါ” (အကယ်ဒမီခင်မို့မို့အေး၊ အကယ်ဒမီခင်စိုးပိုင်၊ ဝါဝါအောင်၊ ချစ်စု၊ ဂျူးဂျူးကော၊ နိုနိုကေ) [ဒါရိုက်တာ-မေတင်(MMG)]**
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိတာခွင့်လွှတ်ပါ” (အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မနေ့ကသည်နေ့နဲ့မနက်ဖြန် (အယ်လ်ဆိုင်းဇီသရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့၊ တေးရေး-ဒီနေ့ပုဏ္ဏက)
၁၈။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (အပိုင်း-၄၅)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေဆုံးမြေဆုံး” (အပိုင်း-၆)**
၂၀။ အစီအစဉ်ပြီး၏။

✻ စာမျက်နှာ ၄ မှ

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခြောက်ထပ်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိက အနုမောဒနာတရား မြွက်ကြား ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်း ကြစဉ်။

(သတင်းစဉ်)

လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် တပ်မတော် အရာရှိကြီးများ ဆရာတော်ထံ ဝါဆိုသင်္ကန်း နှင့် လှူဖွယ် ဝတ္ထုပစ္စည်း များ ကို ဆက်ကပ် လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၂၅-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း-ကြေညာချက်
၇း၀၅	တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင်ကဗျာ့အမြင် (အလင်းလမ်း)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အသားလျှော့စားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ)
၁၀း၄၀	တေးစီးရီး (Melody World)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်တေးကဗျာ-အလင်းရှင်ကဗျာ)
၁၂း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ပီတိအဟုန်) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ငြိမ်းချမ်းသူတို့ (အရှင်ဝိမလာဘိဝံသ-မဟာမြိုင်)
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	သိလိုသမျှမေး ကျန်းမာရေး တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မြတ်နိုးစရာကျေးရွာတေးကဗျာ
၅း၂၅	သတင်းဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၃၅	ဂန္ထဝင်ရင်ခုန်သံ(၉)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၆း၃၀	သုတစုံကြွယ်သိစေဖွယ်- (ကျေးဇူးကြီးလှဆရာ-ဆရာမ)
၆း၄၅	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	Talk on Line (ခင်ဘုဏ်း) နိုင်ငံရေးဦးတည်ချက်
၇း၃၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (အန်းနော်) စီးပွားရေးဦးတည်ချက်
၈း၄၀	လယ်ယာစီးပွား (ငရုတ်စိုက်ပျိုး ဝင်ငွေတိုး)
၈း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၉း၀၀	ရင်တွင်းခံစားတေးသီချင်းများ (နန်းခင်ဇျောအေး)
၉း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၃၀	ခေတ်မရွေးသောတေး
၉း၅၀	အဖိတ်နေ့နှိုးဆော်ချက်
၁၀း၀၀	အစီအစဉ်ပြီး၏။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်နယ်/ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးသည် ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်အထိ လားရှိုးမြို့၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်/ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ၍ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ မဲစာရင်းပြုစုခြင်း၊ မဲရုံအရေအတွက်နှင့် မဲရုံတည်နေရာသတ်မှတ်ခြင်း၊ မဲပုံးအရေအတွက် စိစစ်သတ်မှတ်ခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့ နံနက် ၇ နာရီတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဒေါ့ဖုန်းယန်၌ ဆောင်ရွက်

ဗန်းမော် ဇူလိုင် ၂၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီက အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်း၊ ရဲအုပ်ဝင်းမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး ဦးအောင်လ၊ အထကကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ကျွန်းပင် ၂၀၀၊ ယူကလစ်ပင် ၂၀၀ နှင့် ခရေပင် ၁၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ဆက်စပ်မှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ဇူလိုင် ၁၉ ရက်မှ ၂၃ရက်အထိ ကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၃ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၁၉ရက်တွင် ဟနွိုင်းမြို့ရှိ National Convention Center (NCC) ၌ကျင်းပသည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန် ကော်မရှင် အစည်းအဝေးနှင့် စတုတ္ထ အကြိမ် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကောင်စီ အစည်းအဝေး တို့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ ခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက် ခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်တာကွန်တီနင် တယ်ဟိုတယ်၌ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံ ခြားရေးဝန်ကြီး H.E. Mr. Pham Gia Khiem က တည်ခင်းဧည့်ခံသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက် ရောက်ခဲ့သည်။ ယင်းညစာစားပွဲတွင် ဝန်ကြီးများသည် ကိုရီးယားကျွန်းဆွယ် အရေးကိစ္စ၊ ဂျီ-၂၀ နိုင်ငံများအုပ်စု ထိပ်သီးအစည်းအဝေးတွင် ဖြစ်ပေါ် တိုးတက်မှုများအပါအဝင် ဒေသတွင်း နှင့် နိုင်ငံတကာအရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ဝန်ကြီး ဦးဉာဏ်ဝင်းသည် မြန်မာနိုင်ငံ၌ အထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေ အပါအဝင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းလင်း ပြောကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၀ရက် နံနက်ပိုင်းတွင် NCC ၌ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung အား သွားရောက်တွေ့ဆုံ ဂါရဝပြုခဲ့သည်။

ထို့နောက် ဝန်ကြီးသည် (၄၃)ကြိမ် မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီး ချုပ် H.E. Mr. Nguyen Tan Dzung၊ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံလေ့လာသူနိုင်ငံများဖြစ်ကြသည့် တီမောလက်စ်တေနှင့် ပါပူဝါနယူးဂီနီ နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကိုယ်စား လှယ်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြပြီး ဗီယက်နမ်ဝန်ကြီးချုပ် က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်း သည်(၄၃)ကြိမ်မြောက် အာဆီယံနိုင်ငံခြား ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလုပ် သဘောနေ့လယ်စာစားပွဲနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ သည်။ ဝန်ကြီးသည် ယင်းအစည်းအဝေး များတွင် အရှေ့အာရှဒေသဆိုင်ရာ ဖွဲ့စည်းတည်ထောင်မှု ပြင်ဆင်ရေး ဖွဲ့စည်း ရေးကိစ္စ၊ အာဆီယံဒေသတွင်း ဆက် သွယ်မှု တိုးတက်ကောင်းမွန်ရေးကိစ္စ၊ အာဆီယံပဋိညာဉ်အား အကောင် အထည်ဖော်ရေးကိစ္စ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံ အစိုးရချင်း ဆိုင်ရာ ကော်မရှင်လုပ်ငန်းအစီအစဉ် ကိစ္စ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်သို့ ကနေဒါနှင့် တူရကီနိုင်ငံတို့မှ ဝင်ရောက်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများ မျက်နှာစုံညီ အစည်းအဝေး တွင် အာဆီယံအတွင်းရေးမှူးချုပ်က သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ဦးဆောင်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော နာဂစ်မုန်တိုင်းလွန်ကာလ ညှိနှိုင်းဆောင် ရွက်မှုလုပ်ငန်းများ ပြီးဆုံးခြင်းကို အစီရင်ခံ တင်ပြခဲ့ရာ ယင်းတင်ပြချက်အပေါ် ဝန်ကြီးဦးဉာဏ်ဝင်းက ပြန်လည်ဆွေးနွေး ခဲ့သည်။

ဝန်ကြီးသည် ဇူလိုင် ၂၁ရက် မွန်းလွဲ ပိုင်းတွင် NCC ၌ ကျင်းပသော အာဆီယံ + ၃ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် (၃) နိုင်ငံ (တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယား သမ္မတနိုင်ငံ)တို့မှ နိုင်ငံခြားရေးဝန်ကြီး များနှင့်အတူ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ဝန်ကြီးများသည် အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ သည်။

ညနေပိုင်းတွင် ဝန်ကြီးသည် အရှေ့ အာရှ နိုင်ငံခြားရေးဝန်ကြီးများ အလွတ် သဘောညှိနှိုင်းဆွေးနွေးပွဲသို့ အာဆီယံ နိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများ ဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အရှေ့အာရှ ထိပ်သီးအစည်းအဝေး၏ အနာဂတ်ဦးတည်ချက်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာ အရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ယင်းနောက် တတိယအကြိမ် မဲခေါင်- ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်း အဝေးကို NCC ၌ ကျင်းပရာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာခဆုယအိုခဒ နှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီး များတက်ရောက်ကြသည်။ အစည်းအဝေး တွင် ဝန်ကြီးသည် မဲခေါင်-ဂျပန် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ အရေးကိစ္စတို့၌ ပါဝင် ဆွေးနွေးခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ဇူလိုင် ၂၂ရက်တွင် ဆွေးနွေးဖက် (၁၀) နိုင်ငံ (ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ နယူးဇီလန်၊ ကနေဒါ၊ ကိုရီးယား၊ အီးယူ၊ ရုရှား၊ အိန္ဒိယနှင့် အမေရိကန် ပြည်ထောင်စု) တို့မှ နိုင်ငံခြားရေးဝန်ကြီး များနှင့် တစ်နိုင်ငံချင်းအလိုက် အာဆီယံ +၁ အစည်းအဝေးများကို သီးခြားစီ ကျင်းပခဲ့သည်။ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျပန်၊ နယူးဇီလန်၊ အိန္ဒိယ၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့နှင့် ပြုလုပ် သော အာဆီယံ+၁ အစည်းအဝေးများ သို့ တက်ရောက်ခဲ့သည်။

အာဆီယံ - ရုရှားဆွေးနွေးဖက် ဆက်ဆံရေးတွင် မြန်မာနိုင်ငံသည် ညှိနှိုင်း ရေးတာဝန် ခံယူထားသည့် အလျောက် ယင်းနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသော အာဆီယံ-ရုရှားအစည်းအဝေး၌ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ရုရှားဖက်ဒရေးရှင်း ကနေဒါနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး များက တီအေစီသို့ ပါဝင်ချုပ်ဆိုခြင်း စာချွန်လွှာကိုလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဟနွိုင်းမြို့ တွင် အစည်းအဝေး တက်ရောက်စဉ် အတွင်း တီမောလက်စ်တေ နိုင်ငံခြားရေး ဝန်ကြီး Dr. Zacarias Albano da Costa၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Dr. Marty Natalegawa၊ ဂျပန် နိုင်ငံခြားရေးဝန်ကြီး Mr. Katsuya Okada နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီး Ms.Depu Moni တို့အား ၎င်းတို့၏ မေတ္တာရပ်ခံချက်အရ သီးခြားစီ နှစ်နိုင်ငံချင်းတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey V.Lavrov နှင့်အတူ ပူးတွဲသဘာပတိ အဖြစ် ဆောင်ရွက်ခဲ့သည်။

(၄၃)ကြိမ်မြောက် အာဆီယံနိုင်ငံခြား ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကာလအတွင်း အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ် (တီအေစီ) တိုးချဲ့လက်ခံခြင်း ဆိုင်ရာ စာချွန်လွှာကိုလည်းကောင်း၊ ဆက်ဆံမှု မြှင့်တင်ရေးကိစ္စများနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၁ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် ကြီး ဦးခင်မောင်စိုးနှင့် သံရုံး ဝန်ထမ်းများ၊ မိသားစုများအားတွေ့ဆုံ၍ လုပ်ငန်း ဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသော (၄၃)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြား ရေးဝန်ကြီးများ အစည်အဝေးသို့ တက်ရောက်ပြီး တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(နိုင်ငံခြားရေး)

လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်အချို့ တရားစွဲဆိုခံရဖွယ်ရှိ

ဘေရွတ် ဇူလိုင် ၂၄

ဟစ်ဇ်ဘိုလာ အဖွဲ့ဝင်အချို့သည် ၂၀၀၅ ခုနှစ်အတွင်းက လက်ဘနွန် ဝန်ကြီးချုပ် ရာဖစ်ခ်ဟာရီရီကို လုပ်ကြံ သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်မှုဖြင့် ကုလသမဂ္ဂ ကျောထောက်နောက်ခံပြု တရားရုံး၏ တရားစွဲဆိုမှုကို ခံရမည်ဖြစ် ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် က ကြာသပတေးနေ့တွင် ထုတ်ဖော် ပြောကြားသည်။

သတင်းပေးခဲ့

လက်ဘနွန်ဝန်ကြီးချုပ်ရာဖစ်ခ်ဟာရီရီ အပါအဝင် လူ ၂၂ ဦး သေဆုံးခဲ့ရသော အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်အချို့ တရားစွဲဆိုခံရမည်ဖြစ်ကြောင်း လက်ရှိ လက်ဘနွန်ဝန်ကြီးချုပ် ဆာအစ်ဒ်ဟာရီရီ က သတင်းပေးခဲ့သည်ဟု ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဟာဆန်နက်စ်ရာလာက ပြောကြားသည်။ ယင်းကဲ့သို့ ထုတ်ဖော် ပြောကြားမှုကြောင့် လက်ဘနွန်နိုင်ငံ၏ အခြေအနေသည် ဝရုန်းသုန်းကား အခြေ အနေသို့ ကျရောက်သွားနိုင်ကြောင်း လေ့လာသူများက သတိပေးသည်။

ရှီးယိုက်အများစုဖြစ်သော ဟစ်ဇ်ဘိုလာ အဖွဲ့မှအဖွဲ့ဝင်များကို ကုလတရားရုံးက လက်ဘနွန်ဝန်ကြီးချုပ် လုပ်ကြံခံရမှုနှင့် ပတ်သက်၍တရားစွဲဆိုခဲ့ပါက လက်ဘနွန် နိုင်ငံတွင်းရှိ ရှီးယိုက်နှင့် ဆွန်နီအုပ်စုများ အကြားသွေးမြေကျပဋိပက္ခများပေါ်ပေါက် လာနိုင်ကြောင်း လက်ဘနွန်နိုင်ငံသား အတော်များများက ကြောင့်ကြပူပန် နေကြသည်။

လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရသော လက်ဘနွန်ဝန်ကြီးချုပ် ရာဖစ်ခ်ဟာရီရီ သည် ဆွန်နီအုပ်စုဝင်တစ်ဦးဖြစ်သည်။

အင်တာနက်။

ဘောလ်တစ်ပင်လယ်တွင် ရေမရေညှိပြင်ကြီးမျောနေ ရေသတ္တဝါများ အန္တရာယ်ရှိကြောင်းသိပ္ပံပညာရှင်များသတိပေး

လန်ဒန် ဇူလိုင် ၂၄

ဂြိုဟ်တုမှပေးပို့သော ဓာတ်ပုံ အထောက်အထားများအရ ဘောလ်တစ် ပင်လယ်ရေပြင်ထဲတွင် အလွန်ကျယ်ပြန့် ကြီးမားသော ရေညှိပြင်ကြီးမျောပါလျက် ရှိကြောင်း ဇူလိုင် ၂၄ ရက်သတင်းများတွင် ဖော်ပြထားသည်။

ယင်းရေမရေညှိပြင်ကြီးသည်ဘောလ် တစ်ပင်လယ်ရေပြင်၏ ဧရိယာစတုရန်း ကီလိုမီတာ ၃၇၇၀၀၀ ခန့်ကို လွှမ်းမိုး ထားပြီး အဆိပ်အတောက်ဖြစ်နိုင်ဖွယ် အလားအလာရှိသောကြောင့်ရေနေသတ္တဝါ များကို အန္တရာယ်ကျရောက်စေနိုင် ကြောင်း သိပ္ပံပညာရှင်များက သတိပေး ထားသည်။

လေတိုက်ခတ်မှုမရှိခြင်းနှင့် အပူချိန် မြင့်မားမှု ကြာမြင့်စွာဖြစ်ပေါ်ခြင်းကြောင့် ယင်းရေမရေညှိပြင်ကြီး ဖြစ်ပေါ်ခဲ့ရ ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

ယခု ရေညှိပြင်ကြီးသည် ၁၉၉၅ ခုနှစ် နောက်ပိုင်းဖြစ်ပေါ်ခဲ့သော အကြီးမားဆုံး၊ အကျယ်ပြန့်ဆုံးရေညှိ ပြင်ကြီးဖြစ်သည်။

ဆိုင်ယာနိုဗက်တီးရီးယား (Cyano-bacteria) ဟုခေါ်သည့် အဆိပ်ရှိ ရေညှိ ပင်များပေါက်ပွားမှုကိုစောင့်ကြည့်လေ့လာ နေသော သုတေသနပညာရှင်များက အဆိုပါရေညှိပြင်ကြီးများသည် လွန်ခဲ့ သော ဆယ်စုနှစ်ပေါင်းများစွာကတည်း က နှစ်စဉ် နွေရာသီတိုင်း ဘောလ်တစ် ပင်လယ်ရေပြင်တွင် ဖြစ်ပေါ်တတ်သည် ဟု ဆိုသည်။

စိုက်ပျိုးမြေများမှ ပင်လယ်ပြင်ထဲသို့ စွန့်ထုတ်ခဲ့သော ဓာတ်မြေဩဇာများ သည် အန္တရာယ်ရှိသော ရေညှိပြင်များကို ဖြစ်ပေါ်စေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

လေတိုက်ခတ်မှုပြင်းထန်၍ လှိုင်းများ ဖြစ်ပေါ်လာပါက ယင်းရေညှိပြင်ကြီးသည် ပြိုကွဲ ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရ သည်။

အင်တာနက်။

ယူရေနီယမ်အားပျော့လက်နက်များ အီရတ်စစ်ပွဲ၌ ဗြိတိန်အသုံးပြုခဲ့

လန်ဒန် ဇူလိုင် ၂၄

အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ်က ကျူးကျော်ခဲ့စဉ် အမေရိကန်နှင့် ဗြိတိသျှ တပ်ဖွဲ့တို့သည် ယူရေနီယမ် အားပျော့ လက်နက်များအသုံးပြုခဲ့ကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးက သောကြာနေ့ တွင် ပြောကြားသည်။

အီရတ်နိုင်ငံအတွင်း၌ ပတ်ဝန်းကျင် ရေးရာ ကျန်းမာရေးနှင့်သိပ္ပံပညာဝန်ကြီး ဌာနများက ပူးတွဲလေ့လာပြီးနောက် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ရာတွင် နာဂျက်ဖ်၊ ဘာဆရာနှင့် ဖလူးဂျာမြို့ကြီး များတွင် ပြီးခဲ့သည့်ငါးနှစ်တာအတွင်း ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့် ကိုယ် လက်အင်္ဂါချို့ယွင်းသောကလေးမွေးဖွားမှု နှုန်းများမြင့်တက်လာကြောင်း ဖော်ပြ ထားသည်။

ညစ်ညမ်းမှုဖြစ်

အီရတ်နိုင်ငံတစ်ဝန်းရှိမြို့ကြီး၄၀ကျော် တွင် အဆိပ်ဖြစ်စေတတ်သော ဒိုင်အိုစင် နှင့် ရေဒီယိုသတ္တိကြွမှုများကြောင့် ညစ်ညမ်းမှုများဖြစ်ပေါ် လျက်ရှိကြောင်း သိရသည်ကို တွေ့ရှိရကြောင်းလည်း ကြေညာချက်တွင် တင်ပြ ထားသည်။

ယူရေနီယမ် အားပျော့လက်နက် များဖြင့် တိုက်ခိုက်ခဲ့သော ပစ်မှတ်များ နေရာကို ကုလသမဂ္ဂသဘာဝပတ်ဝန်း ကျင်အစီအစဉ်(ယူအန်အီးပီ)သို့ပေးအပ် ခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီး က ပြောကြားသည်။

အငြင်းပွား

ကာလရှည် ကျန်းမာရေးပြဿနာ များကို ဖြစ်ပေါ်စေနိုင်သောကြောင့် ယူရေနီယမ် အားပျော့လက်နက်များ သုံးစွဲခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှု များ ဖြစ်ပေါ်လျက်ရှိသည်။

အီရတ်စစ်ပွဲကာလအတွင်း အမေ ရိကန်နှင့် ဗြိတိန်တို့သည် ယူရေနီယမ် အားပျော့လက်နက်တန်ချိန် ၂၀၀၀ အထိ အသုံးပြုခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Provincial Investment Holding Group Co., Ltd.မှ Chairman Mr. BAO Minghuနှင့် အဖွဲ့သည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန၊ YPIC International Energy Cooperation & Development Co., Ltd.နှင့် International Group of Entrepreneurs Company Limited တို့ နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Provincial Investment Holding Group Co., Ltd. မှ Chairman Mr. BAO Minghu နှင့်အဖွဲ့ဝင်များ၊ YPIC International Energy Cooperation & Development Co., Ltd. မှ President Mr. DUAN Wenquan နှင့်အဖွဲ့ဝင်များ၊ International Group of Entrepreneurs Company Limited မှ ဥက္ကဋ္ဌဦးနေအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ ရှေးဦးစွာ ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Yunnan Provincial Investment Holding Group Co., Ltd. မှ Chairman Mr. BAO Minghu က သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement) လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Provincial Investment Holding Group Co., Ltd. မှ President Mr. LIU Yinong နှင့်International Group of Entrepreneurs Company Limited မှ တာဝန်ရှိသူတို့က သဘောတူညီမှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

လက်မှတ်ရေးထိုး

ယနေ့ ကျင်းပသော အခမ်းအနားသည် ကချင်ပြည်နယ် နော်ချမ်းခမြစ်ပေါ်၌ တည်ဆောက်မည့် နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သဘောတူညီမှု စာချွန်လွှာ လက်မှတ်ရေးထိုးကြခြင်းဖြစ်ပြီး အဆိုပါ စီမံကိန်းသည် နော်ချမ်းခမြစ်ပေါ်တွင် အဆင့် (၅)ဆင့်ဖြင့် တည်ဆောက်ပြီး စုစုပေါင်းစက်တပ်ဆင်အင်အား ၁၀၅၅ မဂ္ဂါဝပ်ထွက်ရှိမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ YPIC International Energy Cooperation & Development Co., Ltd.နှင့် International Group of Entrepreneurs Company Limited တို့ နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအား လျှပ်စစ်စီမံရေး ဦးစီးဌာန၊ YPIC International Energy Cooperation & Development Co., Ltd.နှင့် International Group of Entrepreneurs Company Limited တို့ နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

CHAMPION CONSTRUCTION Materials Co., Ltd. အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် ပါဝင်ပြသ

ရန်ကုန် ဇူလိုင် ၂၄

Champion Construction Materials Co., Ltd. သည် ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသသော အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် ပါဝင်ပြသသည်။

ဖြန့်ဖြူးရောင်းချ

ပြခန်းတွင် Singapore နိုင်ငံမှ တင်သွင်းထားသော Champion Elevator များ၊ Champion Steel Tank, Plastic Tank, Champion Steel Sink, Champion Bathtub, Champion Toilet and Basin, Champion Hand Spray, Champion Bathroom Accessories, Champion Shower Room, Champion Faucet, Champion Steel Door & Stainless Door, Champion Steel Wooden Door, Champion Soild & Wooden Door, Champion PVC & ABS Door, Champion Aluminium နှင့် Malaysia နိုင်ငံထုတ် White Horse တံဆိပ် ကြွေပြားများကို အထူးဈေးနှုန်းနှင့် ဖြန့်ဖြူးရောင်းချပေးနေသည်။

ဝယ်ယူနိုင်

Champion Show Room များ အနေဖြင့် Show Room-1 အမှတ်(၂) မိုးကောင်းလမ်း စံကားဝါအိမ်ရာ ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၄၀၀၅၆၂၊ ၄၀၀၅၆၃၊ ၄၀၀၅၆၄၊ ၄၀၀၅၆၅နှင့် ၀၉-၈၆၂၇၈၄၃၊ Show Room -II အမှတ် (၄၀၈) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၂၉၀၊ Mandalay Show Room အမှတ်(၃၃) (၇၈)လမ်း (၃၄)လမ်းနှင့် (၃၅)လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၃၄၈၈၊ ၉၁၀၀၈၁၉၇၊ Nay Pyi Taw အမှတ်(၄၉၆) ရာဇဌာနီလမ်း ပေါင်းလောင်း (၂)ရပ်ကွက် နေပြည်တော် ပျဉ်းမနား ဖုန်း-၀၆၇-၂၅၃၀၉နှင့် ၀၆၇-၂၁၄၂၆ တို့ဖြစ်ပြီး ဆောက်လုပ်ရေး ပစ္စည်းများ အရောင်းဆိုင်များတွင်လည်း ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

AFC စီ လိုင်စင် နည်းပြဆရာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရန်နှင့် အရည်အသွေးပြည့်ဝသည့် ဘောလုံးနည်းပြဆရာများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အာရှဘောလုံးအဖွဲ့ချုပ် AFC နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် MFF တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC စီ လိုင်စင် နည်းပြဆရာသင်တန်းကို ဩဂုတ် ၃ ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်းတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

တက်ရောက်

အဆိုပါသင်တန်းကို အာရှဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ စင်ကာပူနိုင်ငံသား Mr. Kunju Jamaludeen က လာရောက်ပို့ချ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ဦး တက်ရောက်ကြမည်ဖြစ်သည်။ တက်ရောက်ကြမည့်သူများမှာ ဦးအောင်ထွန်းထွန်း (ကမ္ဘောဇ)၊ ဦးဇော်ဝင်း(နေပြည်တော်)၊ ဦးထွေးမောင်မောင်(ဇေယျာရွှေမြေ)၊ ဦးလှသိန်းနှင့် ဦးမျိုးမြင့်ထွေး (တပ်မတော်-ကြည်း)၊ ဦးနေမင်းထွန်းနှင့် ဦးထင်လင်းအောင် (အားကစားဝန်ကြီးဌာန)၊ ဒေါ်အိအိအောင် (ကာကွယ်ရေး)၊ ဒေါ်ငုဝါဝါစိုး (စက်မှု-၁)၊ ဦးခင်မောင်ဇော်နှင့် ဦးထွန်းနောင်ဦး(ရတနာပုံ F.C)၊ ဦးညွန့်လှိုင် (သွေးသစ်)၊ ဒေါ်ဇာဖြူပွင့်(ရန်ကုန်ဇုန်-၂၊ အမျိုးသမီးလက်ရွေးစင်အသင်း)၊ ဦးသန်းထွန်းဦး(တပ်မတော်-ရေ)၊ ဦးစန်းမောင် (တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ)၊ ဦးဟန်မင်းထွဋ်(လယ်/ဆည်)၊ ဒေါ်ချိုဇင်မင်း (အမှတ် ၃၊ အခြေခံပညာ ဦးစီးဌာန)၊ ဦးမောင်မောင်ကြီး (ရန်ကုန်ယူနိုက်တက်)၊ ဦးရဲဝင်းလှိုင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ ဦးမိုးမြင့်ဟိန်း (တက္ကသိုလ်)၊ ဦးနီကိုဒေးမိုး (အား/ကာသိပ္ပံ-ရန်ကုန်)၊ ဦးရဲဝင့်သူ (နွေရာသီသင်တန်း)၊ ဦးသိန်းဌေး (ဇွဲကပင်ယူနိုက်တက်)၊ ဦးတင်ဝင်း (ပို့ဆောင်ရေး) နှင့် ဦးခင်မောင်ထွေး(ပြည်ထဲရေး) တို့ဖြစ်ကြသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)တွင် Champion Construction Materials Co., Ltd. ၏ ပြခန်းကိုတွေ့ရစဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

မကွေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

အသက်(၇၅)နှစ် အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် နိုင်ငံတော် စာပေဆု(၂၀၀၉) ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ စာရေးဆရာ၊ ကဗျာဆရာ မြေလတ်မင်းလွင်အား ဂုဏ်ပြုမည်ဖြစ်ရာ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ အသင်းသူ၊ အသင်းသားများအား နေ့လယ်စာ ရွှေတောင်ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါအခမ်းအနားသို့ မကွေးမြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကြည်မောင် ဖုန်း-၅၇၈၃၁၅၊ ဦးကြည်စိုး ဖုန်း-၀၉- ၅၁၂၇၅၁ နှင့် ဦးစစ်သိန်း ဖုန်း-၆၄၀၄၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သတင်းမှန်များ ကမ္ဘာတစ်လွှား ပျံ့နှံ့သိရှိနိုင်စေရန်နှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ အလွမ်းပြေစေရန် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော

MRTV-3 အစီအစဉ်များ လွှင့်တင်ခဲ့၊ ထင်ရှားပြောင်မြောက်လှသော ဆောင်ရွက်ချက်များထဲတွင် ရေဒီယိုကဏ္ဍ တိုးတက်မှုများ ထင်ရှား

❖ ကျော်ဖုံးမှ

ကျောက်ခက် ပန်းဆွဲများကလည်း ပန်းပုဆရာ လက်မှိုင်ချရလောက်အောင် ဆန်းပြားလှပလွန်းနေသည်။ ဂူအတွင်း အလင်းရောင်ပေးမှုစနစ်ကလည်း ကောင်းမွန်လှပေရာ မြန်မာတို့၏ ဘိုးဘေးဘီဘင်များဖြစ်ကြသော ဤကျောက်ခေတ်လူသားတို့ကား လုံခြုံမှုနှင့် လိုက်လျောညီထွေဖြစ်မှုတို့ကို ၎င်းတို့ဘာသာ ရွေးချယ်နိုင်ခဲ့ကြလောက်အောင် ဉာဏ်ရည်မြင့်မားခဲ့ကြကြောင်း သုံးသပ်တွေ့ရှိနိုင်ပေသည်။ ဤမှအစ မြန်မာတို့၏ဇာတိသွေး ဇာတိမာန်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ စရိုက်သဘာဝ၊ မြန်မာနိုင်ငံ၏တောတောင်ရေမြေအလှအပနှင့် သယံဇာတ ပေါများကြွယ်ဝမှုတို့ကို ကမ္ဘာတစ်ခွင်မှ တွင်ကျယ်စွာ သိလာကြအောင် ဖော်ဆောင်ပေးတော့မည့် TV Channel တစ်ခုကား ပေါ်ထွက်လာခဲ့ပေပြီ။ ဤကား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက စတင်ထုတ်လွှင့်လျက်ရှိသော Myanmar International (MI) Channel ပင် ဖြစ်တော့သည်။

ပြည်တွင်းပြည်ပမှ နိုင်ငံတော်ကို ဆန့်ကျင်သူများက မြန်မာ့မြေကို ကျက်သရေပျက်စေရန် အချက်အလက် အတုအယောင်တို့ဖြင့် လုပ်ကြံလီဆယ်ကြသကဲ့သို့ ပြည်ပမီဒီယာအချို့တို့ကလည်း အတို့အဆိတ်၊ အပိတ်အဖွင့်တို့ဖြင့် ရွက်ကုန်လွှင့် တစ်ဆင့်ပို့ကြပြန်တော့ရာ အခြေအနေမှန်ကို မသိသူတို့အဖို့ စသည်ဖြင့် စစ်မှန်သောအချက်အလက်များကို နိုင်ငံတကာပရိသတ်ထံသို့ ခွဲခြားသိမြင်နိုင်အောင် ပြန်ကြားဆက်သွယ် ပို့ဆောင်ပေးနိုင်ခဲ့ပေပြီ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို ၁၉၈၀ ခုနှစ်က စတင်ခဲ့ရာတွင် ပထမအဆင့်အနေနှင့် 10 KW လွှင့်စက်တစ်လုံးဖြင့်သာ စတင်ထုတ်လွှင့်နိုင်ခဲ့သည်။ ဒုတိယအဆင့်ကို ၁၉၈၄ ခုနှစ်တွင် 10 KW ကိုးလုံး၊ 1 KW တစ်လုံး၊ 100 W လေးလုံး၊ 20W တစ်လုံးတို့ဖြင့် ထုတ်လွှင့်ခဲ့သည်။ ၁၉၈၈ ခုနှစ်မတိုင်မီက နိုင်ငံတစ်ဝန်းလုံးတွင် ထပ်ဆင့်လွှင့်စက်ရုံ ၁၅ ရုံသာရှိခဲ့ရာမှ ယခုအခါ ထပ်ဆင့်လွှင့်စက်ရုံ ၂၁၆ ရုံအထိ တိုးချဲ့နိုင်ခဲ့ပြီး တစ်နိုင်ငံလုံး လူဦးရေ၏ ၉၁ ဒသမ ၇၂ ရာနှုန်းသို့ မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို လွှမ်းခြုံပေးနေပြီဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံအကြောင်း စိတ်ဝင်စားသည့် နိုင်ငံတကာ အသိုက်အဝန်းမှ မြန်မာနိုင်ငံအကြောင်းသိရှိစေရန်၊ ရှေးမဆွမီကတည်းက ခိုင်မာစွာ ဖြစ်တည်လာခဲ့သော မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ သတင်းမှန်များကို ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့သိရှိနိုင်စေရန်နှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ အလွမ်းပြေစေရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော MRTV-3 အစီ



မန္တလေးFM ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်နေစဉ်။

တစ်မျိုးတစ်မည် အထင်ရှိကောင်း ရှိနိုင်ပေသည်။ သို့သော် ယခုအခါ MI Channel က "မြန်မာကား အေးချမ်းသာယာလှပသည်။ ရှေးပဝေသဏီကပင် အမြစ်တွယ်လာခဲ့သော ယဉ်ကျေးမှုအမွေအနှစ်တို့ ခိုင်မာနက်ရှိုင်းလွန်းသည်။ မြန်မာလူမျိုးတို့ကလည်း ဖော်ရွေ၍ ခင်မင်ဖွယ်ရာကောင်းသည်။ နယ်ချဲ့နှင့် ကျူးကျော်သူတို့အပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်တတ်သလောက် မိတ်ဆွေ အပေါင်းအသင်းတို့အပေါ်တွင်မူ ခင်ရသူ အနေခက်လောက်အောင် နူးညံ့ဖော်ရွေလှပေသည်" အစဉ်များကို ၂၀၀၁ ခုနှစ် ဩဂုတ်လမှ စတင်၍ ထုတ်လွှင့်ခဲ့ပြီး Internet Website မှလည်း လွှင့်တင်ခဲ့သည်။

ယခုအခါ MRTV-3 ရုပ်သံအစီအစဉ်ကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲထုတ်လွှင့်ရန်နှင့် ထုတ်လွှင့်ချိန်တိုးမြှင့်ရန် ရည်ရွယ်လျက် Myanmar International ရုပ်သံလိုင်းအဖြစ် ပြောင်းလဲခဲ့ပြီး Soft Launch အစမ်းထုတ်လွှင့်မှုများကို ၁၁-၂-၂၀၁၀ ရက်နေ့မှ စတင်ထုတ်လွှင့်ခဲ့ရာ ပရိသတ်က ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသကဲ့သို့ ၃၁-၃-၂၀၁၀ ရက်နေ့ ပုံမှန်ထုတ်လွှင့်မှု စတင်ခဲ့ချိန်တွင်လည်း ပြည်တွင်းပြည်ပမှ တစ်ခဲနက် အားပေးခဲ့ကြသည်။ MI ၏အမှတ်အသားတံဆိပ် Logo မှာ မင်္ဂလာဆင်တော်၏ ဘေးဘက်မြင်ပုံကို အနုပညာဆန်ဆန် တီထွင်ရေးထိုးထားခြင်းဖြစ်သည့်အတိုင်း မြန်မာနိုင်ငံသားတို့အတွက် ကျက်သရေမင်္ဂလာရှိလှသော စီစဉ်တင်ဆက်မှုတို့က MI ၏ ဂုဏ်သတင်းကို မွှေးပျံ့စေခဲ့သည်။ မခိုင်လုံသောရင်းမြစ်များမှ ထွက်ပေါ်လာသည့် မှုန်ရီဝိုးတဝါး သတင်းများအရသာ မြန်မာကို ပုံဖော်မှန်းဆနေရသော နိုင်ငံတကာပရိသတ်တို့အတွက် လေးစားတန်ဖိုးထားဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မှတ်တမ်းပြုဖွယ်ရာ သဘာဝအရင်းအမြစ်များ စုဝေးတည်ရှိရာ၊ ရင်သပ်ရှုမောဖွယ်ရာ ရိုးစင်းလှပသောမြန်မာ့မြေအကြောင်း သတင်းကောင်း တင်ဆက်ပေးနိုင်ခဲ့ပေပြီ။

ပြည်တွင်းပရိသတ်အတွက်လည်း ၂၀၀၄ ခုနှစ် မေလတွင် စတင်ထုတ်လွှင့်ခဲ့သည့် MRTV-4 အစီအစဉ်များကို မိုးလင်းမှ အိပ်ရာဝင်ချိန်တိုင် သတင်းကဏ္ဍ၊ သီချင်းကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ တွေ့ဆုံမေးမြန်းကဏ္ဍ စသည်တို့ဖြင့် သွက်လက်မြူးကြွစွာ ထုတ်လွှင့်ပေးနေသည်။ MRTV-4 သည် ၎င်း၏ မူလအစီအစဉ်များသာမက 5 Cartoon , 5 Movies, 5 Series, ESPN, STAR SPORTS, CNN, NGC WILD, 5 Movies II, 5 Series II, Cartoon Network, Discovery, Discovery T&L,EURO SPORTS, MTV, CHANNEL-V, STAR MOVIES, STAR WORLD, NGC, ANIMAL PLANET, ADVENTURE ONE စသည့် ဆက်စပ် ရုပ်သံလိုင်းများကိုလည်း ထုတ်လွှင့်ပေးလျက်ရှိသည်။

အလားတူ ထုတ်လွှင့်မှုများ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် DVB-T စနစ်သို့ တိုးချဲ့အသုံးပြုထုတ်လွှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ကို လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဧပြီလတွင် မန္တလေးမြို့(စစ်ကိုင်း)နှင့် အနီးတစ်ဝိုက်ကို လည်းကောင်း Free to Air စနစ်ဖြင့် ထုတ်လွှင့်ပေးခဲ့ရာ Digital Receiver မသုံးဘဲ ဖမ်းယူနိုင်ခဲ့ကြသကဲ့သို့ တစ်ပြိုင်တည်းတွင်ပင် အစီအစဉ်များကိုလည်း နာရီ ၂၀ စာအထိ တိုးမြှင့်ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ ယခုအခါ ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၂၉ ရုံမှ တစ်ဆင့် MRTV-4 အစီအစဉ်များကို ထုတ်လွှင့်ပေးနေပြီ ဖြစ်သည်။ ဆောင်ရွက်ဆဲ DVB-T စနစ် ကွက်ပြည့်အကောင်အထည်ဖော်ပြီးသွားချိန်တွင် နိုင်ငံတစ်ဝန်းလုံး ခေတ်မီ Digital စနစ်ဖြင့် ကြည့်ရှုနိုင်ကြတော့မည်ဖြစ်သည်။

သတင်းကဏ္ဍ၊ သီချင်း ကဏ္ဍ၊ ရုပ်ရှင် ကဏ္ဍ၊ တွေ့ဆုံမေးမြန်းခန်းကဏ္ဍ အစီအစဉ်နှင့် ဆက်စပ် ရုပ်သံလိုင်းများ ထုတ်လွှင့်ပေးလျက် ရှိသော MRTV-4 ရုပ်သံလွှင့်ခန်းကို တွေ့ရစဉ်။

ဤကဲ့သို့ ထင်ရှားပြောင်မြောက်လှသောပြန်ကြားရေးကဏ္ဍ ဆောင်ရွက်ချက်များထဲတွင် ရေဒီယိုကဏ္ဍ တိုးတက်မှုများသည်လည်း ထင်ရှားလှပေသည်။ ရေဒီယိုထုတ်လွှင့်မှုကို ၁၉၄၆ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက်တွင် စတင်ထုတ်လွှင့်ခဲ့ရာ ၁၉၈၈ ခုနှစ်အထိ မြန်မာပိုင်းအစီအစဉ်များကို တစ်နေ့လျှင် ၁၀ နာရီနှင့် တိုင်းရင်းသားအစီအစဉ် ရှစ်ဘာသာအတွက် တစ်နေ့လျှင် လေးနာရီသာ ထုတ်လွှင့်နိုင်ခဲ့ရာမှ ယခုအခါ မြန်မာပိုင်း အစီအစဉ် တစ်နေ့လျှင် ၁၁ နာရီခွဲအထိ လည်းကောင်း၊ တိုင်းရင်းသားအစီအစဉ် ၁၄ ဘာသာအတွက် တစ်နေ့လျှင် ၁၂ နာရီအထိ လည်းကောင်း တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့သည့်အပြင် ယခင်က ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌သာ ဖမ်းယူနားဆင်နိုင်ခဲ့သော FM ထုတ်လွှင့်မှုများကို ယခုအခါ နိုင်ငံတစ်ဝန်းလုံးမှ နားဆင်နိုင်ခဲ့ပေပြီ။ ပြည်သူများ၏ နားဆင်နိုင်မှုတွင် လှိုင်းလတ်ထုတ်လွှင့်မှုကို တစ်နိုင်ငံလုံးလူဦးရေ၏ ၈၂ ဒသမ ၈၃ ရာခိုင်နှုန်းကလည်းကောင်း၊ လှိုင်းတိုထုတ်လွှင့်မှုကို တစ်နိုင်ငံလုံးလူဦးရေ၏ ၅၃ ဒသမ ၀၂ ရာခိုင်နှုန်းကလည်းကောင်း ဖမ်းယူနားဆင်နိုင်ပြီဖြစ်သကဲ့သို့ ယခင်က ရေဒီယိုအစီအစဉ် အမျိုး ၄၀ သာ နားဆင်နိုင်သော်လည်း ယခုအခါ အစီအစဉ်ပေါင်း ၇၅ မျိုးကို စုံလင်စွာ ခံစား နားဆင်နိုင်ကြပေပြီ။ ထို့ပြင် မြန်မာ့အသံရေဒီယိုအစီအစဉ်များကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှစ၍ Internet ပေါ်တွင် တင်ထားပေးခဲ့ရာ Internet တွင်လည်း မိမိတို့ လုပ်ငန်းမပျက် နားဆင်နိုင်ကြပြီဖြစ်သည်။

ထို့နောက် FM ရေဒီယိုအစီအစဉ်များကို ထူထောင်ခဲ့ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာပြည်မြောက်ပိုင်းတွင် ပတ္တမြား FMက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းမှ ပြည်သူတို့ကိုလည်းကောင်း၊ တောင်ပိုင်းတွင် ရွှေ FM က မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းမှ ပြည်သူတို့ကိုလည်းကောင်း၊ အနောက်ပိုင်းတွင် ပဉ္စဝတီ FM က ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းမှ ပြည်သူတို့ကိုလည်းကောင်း၊ အရှေ့ပိုင်းတွင် ချယ်ရီ FMက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြည်သူတို့ကိုလည်းကောင်း၊ မန္တလေး FM က မြေလတ်ပိုင်းမှ ပြည်သူတို့ကိုလည်းကောင်း၊ FM ပုဂံက ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့မှ ပြည်သူတို့ကိုလည်းကောင်း လွှမ်းခြုံပေးနိုင်ခဲ့ပေပြီ။ ပြည်သူတို့ လုပ်ငန်းမပျက် ရသစွက်ကာ ကုန်ထုတ်စွမ်းအားတို့ တိုးတက်စေရေး FM ရေဒီယိုက ဆောင်ကြဉ်းပေးပေတော့မည်။ လက်ရှိ FM ထုတ်လွှင့်မှုများအား အသံလွှင့်စက်ရုံ ၂၇ ရုံမှထုတ်လွှင့်လျက်ရှိပြီး ၁၁ ရုံမှာ လက်ရှိတည်ဆောက်ဆဲဖြစ်သကဲ့သို့ တည်ဆောက်ရန် လျာထားစက်ရုံပေါင်းမှာ ၂၂ ရုံဖြစ်သည်။ ထိုစက်ရုံများသာ ပြီးစီးခဲ့ပါက မြန်မာတစ်ပြည်လုံး FM အသံတို့ ဖုံးလွှမ်းနေပေဦးတော့မည်။

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုသာမက ကျေးရွာစာကြည့်တိုက်များနှင့် ပတ်သက်၍လည်း၊ ကျေးရွာတိုင်း စာကြည့်တိုက်များ တည်ရှိလာစေရေး ဆောင်ရွက်လျက်ရှိပေသည်။ ဤသို့ဖြင့် နိုင်ငံ့လူဦးရေ၏အများစုဖြစ်သည့် ကျေးလက်ပြည်သူတို့၏ လူ့အရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေး၊ အတွေးအခေါ် ဗဟုသုတမြင့်မားရေးအတွက် တစ်နိုင်ငံလုံးတွင် ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက်ထိ ရှိလာအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ထိုသို့တည်ရှိလာပြီး စာကြည့်တိုက်များကိုလည်း စံ(၅)

ရုပ်ရှင်ကဏ္ဍတွင် ခေတ်တစ်ခေတ် ... နိုင်ခဲ့ပြီဖြစ်ကြောင်းထင်ရှားစေသည့် နေ ... အနီးရှိ အောင်သပြေအဆင့်မြင့် 3-D ...

ချယ်ရီ FM ရေဒီယိုထုတ်လွှင့်ရေး အသံလွှင့်စတူဒီယိုခန်း၌ စက်မှုပိုင်းဆိုင်ရာ အင်ဂျင်နီယာတစ်ဦး အသံလွှင့် အစီအစဉ်များ ထုတ်လွှင့်နေသည်ကို တွေ့ရစဉ်။

ပြည်သူတို့ကိုလည်းကောင်း လွှမ်းခြုံပေးနိုင်ခဲ့ပေပြီ။ ပြည်သူတို့ လုပ်ငန်းမပျက် ရသစွက်ကာ ကုန်ထုတ်စွမ်းအားတို့ တိုးတက်စေရေး FM ရေဒီယိုက ဆောင်ကြဉ်းပေးပေတော့မည်။ လက်ရှိ FM ထုတ်လွှင့်မှုများအား အသံလွှင့်စက်ရုံ ၂၇ ရုံမှထုတ်လွှင့်လျက်ရှိပြီး ၁၁ ရုံမှာ လက်ရှိတည်ဆောက်ဆဲဖြစ်သကဲ့သို့ တည်ဆောက်ရန် လျာထားစက်ရုံပေါင်းမှာ ၂၂ ရုံဖြစ်သည်။ ထိုစက်ရုံများသာ ပြီးစီးခဲ့ပါက မြန်မာတစ်ပြည်လုံး FM အသံတို့ ဖုံးလွှမ်းနေပေဦးတော့မည်။

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်ရပ်နှင့်ပြည့်မီညီညွတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ထူထောင်ပြီးသည့် စာကြည့်တိုက်များအနက်မှ စာကြည့်တိုက်ပေါင်း ၂၉၁၈၅တိုက်ကို အောင်မြင်ပြီးမြောက်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပေပြီ။ ဤမွန်မြတ်၍ ရည်မှန်းချက်ကြီးမားလှသော ဆောင်ရွက်ချက်ကြောင့်ပင် တစ်နိုင်ငံလုံးအနှံ့ ကျေးရွာတိုင်းနီးပါး စာကြည့်တိုက်များပေါ်ထွန်းလာနေပြီဖြစ်ရာ ကမ္ဘာပေါ်တွင် ပထမဆုံး ကျေးရွာတိုင်း စာကြည့်တိုက် ထူထောင်ပေးနိုင်သည့်နိုင်ငံ ဖြစ်လာပေတော့မည်။

ထို့ထက်ပို၍ ပြည်သူ့ကြားမှ မီဒီယာစွမ်းပကားကို ညွှန်းဆိုပြတော့သည်ကား ၂၀၁၀ ခုနှစ် မေလများကိုပါ တိုးချဲ့ဆောင်ရွက်သွားရန် ဤဖောင်ဒေးရှင်းကြီးမှရည်မှန်းထားပေရာ ယင်း၏အရင်းအမြစ်ဖြစ်သည့် မီဒီယာကဏ္ဍမှ ကျေးလက်အတွက်အကျိုးပြုချက်ကား အဖိုးမဖြတ်နိုင်လောက်အောင်ပင် ဖြစ်တော့သည်။ ဖောင်ဒေးရှင်းကြီးသို့ ကနဦး လှူဒါန်းမှုများမှာလည်း ကျပ်သိန်းပေါင်း ၇၂၀၀ ကျော်သည်အထိရှိခဲ့ရာ ပြည်သူတို့၏ အားပေးချီးမြှောက်မှုကား အံ့မခန်းပင်တည်း။ ထို့ထက်ထူးသည်ကား ထိုရန်ပုံငွေများကို လျော့နည်းသွားအောင် သုံးစွဲခြင်းမပြုဘဲ မ'တည်ငွေအဖြစ် ထားရှိပြီး ပွားများရရှိလာသည့် အကျိုးအမြတ်ဖြင့်သာ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပုံနှိပ်လုပ်ငန်းများအတွက် နေရာဒေသအလိုက် လိုအပ်ချက်အရ ၂၀၀၃ ခုနှစ်တွင် အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ (မန္တလေး)ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် နေပြည်တော်ပုံနှိပ်စက်ရုံ(တပ်ကုန်း)ကိုလည်းကောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါ အစိုးရပုံနှိပ်စက်ရုံ ခုနစ်ရုံအထိ တည်ရှိလာပြီဖြစ်သည်။ ထိုသော ပုံနှိပ်စက်ရုံများမှပင် ဆိုခဲ့ပြီးသော ပုံနှိပ်လုပ်ငန်းများသာမက နိုင်ငံ့ရင်သွေး ကလေးငယ်များအတွက် ရွှေသွေးစာစောင်နှင့် လူငယ်တို့အတွက် ဗဟုသုတရဖွယ်ရာ သုတပဒေသာ စာစောင်တို့ကိုလည်း ပုံနှိပ်ဖြန့်ချိလျက်ရှိသည်။ တိုးတက်လာသောထုတ်ဝေခွင့်ပြုခဲ့ရာ မိမိတို့လိုရာ ခေါင်းစဉ်အလိုက် နှစ်သက်ရာရွေးချယ်၍ အသုံးချနိုင်၊ ဖတ်ရှုနိုင်ပြီဖြစ်ပေသည်။ ထို့အပြင် မြန်မာ့စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ၏စာပေအဆင့်အတန်း မြင့်မားလာရေးကို အားပေးချီးမြှင့်သည့်အနေဖြင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုန်းဖေ စာပေဆုတို့ကို နှစ်စဉ်ချီးမြှင့်ခြင်း၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို နှစ်စဉ်ထုတ်ဝေဖြန့်ချိခြင်း စသည်တို့ကို စာပေပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့မီဒီယာကဏ္ဍတွင် မီဒီယာအမျိုးအစား မည်မျှစုံလင်သည်ဖြစ်စေ၊ မည်မျှတိုးတက်ခေတ်မီသည်ဖြစ်စေ၊ မရှိမဖြစ်အရေးပါလှသော မီဒီယာလုပ်ငန်း တစ်ခုကား သတင်းစာပင်တည်း။ ထိုသောသတင်းစာ ထုတ်ဝေခြင်းလုပ်ငန်းကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသည်။ ၁၉၈၈ ခုနှစ် မတိုင်မီကာလက သတင်းစာထုတ်ဝေဖြန့်ချိခြင်းလုပ်ငန်းမှာ နည်းပညာနှင့် စက်ကိရိယာ အားနည်းမှု၊ ကုန်ကြမ်းပစ္စည်းအားနည်းမှု၊ ထုတ်ဝေမှုနှင့်ဖြန့်ချိမှုစနစ် အားနည်းမှုများရှိခဲ့သော်လည်း ယခုအခါ ခေတ်မီပတ်လည် ပုံနှိပ်စက်ကြီးများဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက် ကောင်းမွန်လာစေရေး ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍လည်း ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော မီဒီယာခေတ်နှင့်အညီ သတင်းစာများကို တစ်နေရာတည်းမှ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခြင်းမပြုဘဲ မန္တလေး၊ တောင်ကြီး၊ မကွေး၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ စစ်တွေ၊ လားရှိုးနှင့် မြိတ်မြို့များ၌ ကိုယ်ပွားသတင်းစာတိုက်များထားရှိကာ ထိုသတင်းစာတိုက်များသို့ Electronic File များကို ဂြိုဟ်တုဆက်သွယ်ရေးလမ်းကြောင်းမှ ပေးပို့ပြီး အသီးသီး ရိုက်နှိပ်ဖြန့်ချိလျက်ရှိသည်။ ထိုသို့ နိုင်ငံအနှံ့ ကိုယ်ပွားသတင်းစာတိုက်များ ထားရှိဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူများထံသို့ နေ့စဉ်ထုတ်သတင်းစာများ နေ့ချင်းပြီးရောက်ရှိပြီး ရက်မဆိုင်းဘဲ ဖတ်ရှုနိုင်ခဲ့ပြီဖြစ်သည်။ ဈေးနှုန်းချိုသာပြီး ကဏ္ဍအသီးသီးစုံလင်လှသော သတင်းစာတို့ကား နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူအားလုံးတို့ကို များပြားလှစွာသော စာမျက်နှာတို့မှတစ်ဆင့် သတင်းနှင့် ရသတို့ကို သူတို့အလိုရှိသလောက် ထောက်ပံ့နိုင်ခဲ့ပေပြီ။

ထို့ပြင် ကျေးရွာတိုင်းသတင်းစာရောက်ရှိရေးစီမံချက်အရ ကျေးရွာစာကြည့်တိုက်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းမှုပြုရာတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက တစ်တပ်တစ်အား ပါဝင်သည့် အနေဖြင့် သတင်းစာများကို ချိုသာသော အထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ထိုသို့ရောင်းချပေးရာတွင် ရခိုင်ပြည်နယ်အတွင်းမှ ရှစ်မြို့နယ်နှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆**

တောင်ပေါ်နှင့် မြေပြန့်မခြားဘဲ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန် ချင်းပြည်နယ် ဖလမ်းမြို့တွင် ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံကို တည်ဆောက်ပေးခဲ့သည်။

ရုပ်ရှင်ကဏ္ဍတွင် ခေတ်တစ်ခေတ်ကို ချဉ်းနင်းဝင်ရောက်နိုင်ခဲ့ပြီဖြစ်ကြောင်းထင်ရှားစေသည့် နေပြည်တော်ရေပန်းဥယျာဉ်အနီးရှိ အောင်သပြေအဆင့်မြင့် 3-D ရုပ်ရှင်ရုံကို တွေ့ရစဉ်။

လွှင့်မှုသာမက ကျေးရွာစာကြည့်တိုက်များနှင့် ပတ်သက်၍လည်း၊ ကျေးရွာတိုင်း စာကြည့်တိုက်များ တည်ရှိလာစေရေး ဆောင်ရွက်လျက်ရှိပေသည်။ ဤသို့ဖြင့် နိုင်ငံ့လူဦးရေ၏အများစုဖြစ်သည့် ကျေးလက်ပြည်သူတို့၏ လူ့အရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေး၊ အတွေးအခေါ် ဗဟုသုတမြင့်မားရေးအတွက် တစ်နိုင်ငံလုံးတွင် ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက်ထိ ရှိလာအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ထိုသို့တည်ရှိလာပြီးစာကြည့်တိုက်များကိုလည်း စံ(၅)

၁၅ ရက်နေ့တွင် တခမ်းတနားစတင် တည်ထောင်ဖွင့်လှစ်ခဲ့သည့် 'မြန်မာနိုင်ငံ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း' ပေတည်း။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တည်ထောင်ထားပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်များကို စံ(၅)ရပ်နှင့် ညီပြီး ရေရှည်တည်တံ့ခိုင်မာသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖြစ်လာရန် ပံ့ပိုးမြှင့်တင် ဆောင်ရွက်ပေးသွားရန် ရည်ရွယ်ချက်ဖြင့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အခြေခံမူဝါဒအနေဖြင့် အမျိုးသားရေးနှင့်အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်မည့် ဖောင်ဒေးရှင်းကြီးဖြစ်ပြီး အနာဂတ်တွင် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့် ဖောင်ဒေးရှင်းများပါ တိုးချဲ့ဖွဲ့စည်းမည် ဖြစ်ပေရာ နိုင်ငံတော်အတွင်းရှိ စာကြည့်တိုက်များအတွက် အားရစရာသတင်းစကားပင်တည်း။ ထိုသော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး လုပ်ငန်းရပ်များ အောင်မြင်ပြီးမြောက်သည့်အခါတွင် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ်ပါ ကျေးလက်ပညာရေးတိုးတက်မှုလုပ်ငန်းနှင့် ကျေးလက်ကျန်းမာရေး တိုးတက်မှုလုပ်ငန်းကြောင်း သိရပေရာ အလှူရှင်တို့နှစ်ထောင်းအားရ ဖြစ်ကြပေလိမ့်မည်။ ဖောင်ဒေးရှင်း၏ ရန်ပုံငွေရှာဖွေမည့်နည်းလမ်းမှာ လူထုအခြေခံရန်ပုံငွေရှာနည်းကို ကျင့်သုံးစုဆောင်း ဆောင်ရွက်မည်ဖြစ်ပြီး တာဝန်ထမ်းဆောင်သူတို့ကလည်း စေတနာ့ဝန်ထမ်းများအဖြစ် ထမ်းဆောင်ကြမည်ဖြစ်ရာ လွန်စွာမှ ချမ်းမြေ့ဖွယ်ရာ သတင်းစကားသာဖြစ်တော့သည်။ ဤဖောင်ဒေးရှင်းကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ စာဖတ်ခြင်းဥယျာဉ်အတွင်း၌ အလျှင်းပျော်မွေ့လာအောင် ပံ့ပိုးဆောင်ရွက်ပေးပေတော့မည်။

မြန်မာနိုင်ငံ၏ အခြေခံပညာကျောင်းများမှ ကျောင်းသားဦးရေမှာ ၁၉၈၈ ခုနှစ်က ငါးသန်းကျော်သာရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် ရှစ်သန်းကျော်ရှိလာခဲ့ရာ ထိုကျောင်းသားများပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရေး၊ ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ပညာရေးကဏ္ဍ၏လိုအပ်ချက်ကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းက ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များကို ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည်။ ၁၉၈၈ ခုနှစ်မတိုင်မီက အစိုးရပုံနှိပ်စက်ရုံ ငါးရုံသာ ရှိခဲ့ရာမှ ပညာရေးကဏ္ဍအတွက် ပုံနှိပ်လုပ်ငန်းများနှင့် နိုင်ငံတော်

ရွှေ FM ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်နေစဉ်။

မီဒီယာခေတ်နှင့် အညီ အနာဂတ်ကာလတွင် ပုံနှိပ်စက်များ လည်ပတ်မှုကိုလည်းကောင်း၊ စာပေစိစစ်တည်းဖြတ်မှုများဆောင်ရွက်ရာတွင်လည်းကောင်း Computerized System ဖြင့် တိုးတက်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပေသည်။

ထို့ပြင် ပုဂ္ဂလိကကဏ္ဍတွင်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက ဂျာနယ် ၁၂ စောင်နှင့် မဂ္ဂဇင်း ၂၃ စောင်သာ ရှိခဲ့သော်လည်း ယနေ့ကာလတွင်မူ ဂျာနယ် ၁၅၈ စောင်နှင့် မဂ္ဂဇင်း ၁၇၇ စောင် အပါအဝင် ထုတ်ဝေခွင့်စုစုပေါင်း ၈၃၅ ခုကို စာဖတ်ပရိသတ်တို့ အပါအဝင် ပြည်သူတို့အကျိုး မျှော်ကိုးလျက်

...ထုတ်လွှင့်ရေး အသံလွှင့်စတူဒီယိုခန်း၌ ...င်နီယာတစ်ဦး အသံလွှင့် အစီအစဉ်များ ...တွေ့ရစဉ်။

FM Station များနှင့် လွှမ်းခြုံနိုင်မှုများ

စဉ်	FM အမည်	လွှမ်းခြုံနိုင်မှု
၁	ပတ္တမြားFM	ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း
၂	ရွှေ FM	ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်
၃	ပဥ္စဝတီ FM	ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း
၄	ချယ်ရီ FM	ကယားပြည်နယ်၊ ရှမ်းပြည်နယ်
၅	မန္တလေး FM	စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း
၆	FM ပုဂံ	ချင်းပြည်နယ်၊ မကွေးတိုင်း

☆ စာမျက်နှာ ၉ မှ

ဧရာဝတီတိုင်းအတွင်းမှ နာဂစ်ပြန်လည်ထူထောင်ရေးဒေသ ခြောက်မြို့နယ်ရှိ ကျေးရွာများသို့ အရောက်ပို့စနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။ ကျေးရွာနေပြည်သူများ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများကို သိရှိလေ့လာနိုင်ရန်နှင့် စာဖတ်ရှုနိုင်တိုးမြင့်လာပြီး ဗဟုသုတရရှိစေရေးအတွက် ယင်းကဲ့သို့ အထူးအစီအစဉ်ဖြင့် သတင်းစာများ ဝယ်ယူလိုပါက အထူးနှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးပေးရန်လည်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက စီစဉ်ထားရှိပေသည်။ ထိုအစီအစဉ် အောင်မြင်ရေးလုပ်ငန်းစဉ်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနှင့် ကျေးရွာတိုင်းသို့ သတင်းစာလက်ဝယ်ရောက်ရှိရေး၊ ဖတ်ရှုနိုင်ရေး ဆောင်ရွက်ရာတွင် ဝေးလံခေါင်သီသော နေရာဒေသများသို့တိုင် ပို့ဆောင်ရောက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အလှူရှင်များ၊ စေတနာ့ဝန်ထမ်း လုပ်အားရှင်များ ပေါ်ပေါက်ရေးကို စည်းရုံးဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးရွာများမှ စုပေါင်းဝယ်ယူသောစနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်လျက်ရှိရာ မည်သူက မည်သည့်အခါက ဤမျှ စေတနာထားနိုင်ခဲ့အံ့နည်း။ အံ့ချီးဖွယ်ရာပင်။

ထို့အပြင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ အနာဂတ်ကာလတွင် သတင်းစာကဏ္ဍအတွက် တိုးတက်ခေတ်မီသော မျှော်မှန်းချက်ဖြစ်သည့် ကမ္ဘာ့အဆင့်မီ ရောင်စုံသတင်းစာများ ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရောင်စုံပတ်လည် ပုံနှိပ်စက်ကြီးများကို အင်အားဖြည့် တပ်ဆင်ထားရှိပြီးဖြစ်ရာ ယခုအခါ ကနဦးလေ့လာမှုများ ဆောင်ရွက်လျက်ရှိသောအခြေအနေဖြစ်ပေသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံကို (နေပြည်တော်တပ်ကုန်း)၌ ဤသို့ တည်ဆောက်ပေးထားသည်။

ရင်ပေါင်တန်းနိုင်ရေးအတွက် စက်ပစ္စည်းအသစ်များ ဝယ်ယူခြင်း၊ အစိတ်အပိုင်းများ လဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ရာ အထိုက်အလျောက် တိုးတက်လာခဲ့သည်။ ရုပ်ရှင်ထုတ်လုပ်မှု နည်းပညာများကား အမျိုးမျိုးပြောင်းလဲတိုးတက်နေရာ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဘက်ဘက်က ပြည့်စုံအောင် ပံ့ပိုးကူညီ ထူထောင်ပေးလျက်ရှိသည်။

ထိုသို့ ပံ့ပိုးကူညီဆောင်ရွက်ရာ၌ နိုင်ငံတကာရုပ်ရှင် တိုးတက်မှုများနှင့် ထိတွေ့လေ့လာစေလျက် စိတ်ဓာတ်ပိုင်းဆိုင်ရာ မြေတောင်မြှောက်ပေးသည့်အပိုင်းအပြင် ၂၀၀၇ ခုနှစ်အတွင်း စတီရီယိုအသံပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင်ကားကူးစက်စသည့် စက်ပစ္စည်းများတပ်ဆင်နိုင်ရေး စီစဉ်ပေးသကဲ့သို့ ၂၀၀၈ ခုနှစ်အတွင်းတွင်လည်း အဆင့်မီ HD Professional ကင်မရာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်နိုင်ရေး စီစဉ်

လည်း နိုင်ငံတကာရုပ်ရှင်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိသကဲ့သို့ ပြည်ပရုပ်ရှင်ပွဲတော်များသို့ မြန်မာရုပ်ရှင်ကားများ သွားရောက်ပြသခြင်း၊ တက်ရောက်စေခြင်း၊ အပြန်အလှန်လေ့လာရေးခရီး စေလွှတ်ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ အနာဂတ်ကာလတွင် မြန်မာ့ရုပ်ရှင်အဆင့်အတန်း ပိုမိုမြင့်မားလာပြီး ယခုထက် ဇာတ်လမ်းဇာတ်ညွှန်း၊ သရုပ်ဆောင်၊ အရုပ်၊ အရောင်၊ အသံအရည်အသွေးတို့ ပိုမိုကောင်းမွန်သည့် ရုပ်ရှင်ဇာတ်ကားကြီးများ ထုတ်လုပ်နိုင်ကြတော့မည် ဖြစ်သည်။

ထိုအချိန်မှာပင် ကြော်ငြာဝင်လာသဖြင့် ထုံးစံအတိုင်း တီးလုံးသံတို့က အသံမြင့်လာခဲ့တော့ရာ မီဒီယာကဏ္ဍနှင့်စပ်လျဉ်း၍ အတွေးခရီးလေဟုန်

ဒေသခံပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးရှိ အင်ကြင်းကုန်းကျေးရွာတွင် DTH စလောင်းများကို ဤသို့ တပ်ဆင်ပေးခဲ့သည်။

အနာဂတ်ကာလတွင် သတင်းစာကဏ္ဍအတွက် တိုးတက်ခေတ်မီသော မျှော်မှန်းချက်ဖြစ်သည့် ကမ္ဘာ့အဆင့်မီ ရောင်စုံသတင်းစာများ ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရောင်စုံပတ်လည်ပုံနှိပ်စက်ကြီးများကို အင်အားဖြည့်တပ်ဆင်ထားရှိပြီးဖြစ်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ပြည်နယ်နှင့်တိုင်းများတွင် ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ခဲ့၍ ပြည်သူများထံ နေ့စဉ်ထုတ်သတင်းစာများ နေ့ချင်းရောက်ရှိပြီး ဖတ်ရှုနိုင်ကြပြီဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပြန်ကြားရေးကဏ္ဍ

စဉ်	FM အမည်	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	ရုပ်သံလွှင့်စက်ရုံ	၁	၂	၁
၂	ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁၅	၂၁၆	၂၀၁
၃	MRTV-4 ထပ်ဆင့်လွှင့်စက်ရုံ	-	၂၉	၂၉
၄	FM ရေဒီယို ထုတ်လွှင့်မှု	-	၆	၆
၅	FM ရေဒီယို ထပ်ဆင့်လွှင့်စက်ရုံ	-	၂၇	၂၇
၆	ပြန်/ဆက်ရုံးများ	-	၃၉၈	၃၉၈
၇	ပြန်/ဆက်စာကြည့်တိုက်များ	၁၁၁	၃၉၈	၂၈၇
၈	ဌာနဆိုင်ရာစာကြည့်တိုက်	-	၈၂၀	၈၂၀
၉	ကျေးလက်စာကြည့်တိုက်	-	၅၅၇၅၅	၅၅၇၅၅
၁၀	e-Library များ	-	၁၂၆	၁၂၆
၁၁	အစိုးရပုံနှိပ်စက်ရုံများ	၅	၇	၂
၁၂	ကိုယ်ပွားသတင်းစာတိုက်	-	၉	၉

နိုင်ငံတစ်နိုင်ငံမှ ပြည်သူတို့၏ မျိုးချစ်စိတ်ကို သွယ်ဝိုက်နှိုးဆွရာတွင် ရုပ်ရှင်၊ ရုပ်မြင်ဇာတ်လမ်းတို့မှတစ်ဆင့် အနုပညာရသတို့ဖြင့် ရောညှပ်ဆွဲဆောင်ခြင်းက လွန်စွာထိရောက်လှပေရာ ယနေ့ကမ္ဘာတွင် နိုင်ငံတိုင်းက ထိုနည်း ထိုပုံ ဆောင်ရွက်နေသကဲ့သို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းကလည်း ရုပ်ရှင်အစည်းအရုံးနှင့် တက်ညီလက်ညီ လက်တွဲကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။ ယခင်က စက်ကိရိယာများမှာ နှစ်ပေါင်း ၃၀ ခန့် နောက်ကျနေသည့် ခေတ်လွန် သက်တမ်းလွန်စက်များဖြစ်သည့်အပြင် ပြောင်းလဲလာသောနည်းပညာတို့ကို မျက်ခြည်ပြတ်ခဲ့ရာမှ ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု တစ်ခေတ်နောက်ကျခဲ့ရသည်။ ဤသို့ဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်က စီစဉ်ပေးမှုဖြင့် နိုင်ငံတကာ ရုပ်ရှင်ထုတ်လုပ်မှုနှင့်

ပေးခဲ့သည်။ ရိုက်ကူးရေးသာမက ပြသရေးအပိုင်းတွင်လည်း ခေတ်မီအဆင့်မြင့် ရုပ်ရှင်ရုံများ ထူထောင်စေခဲ့ရာ Digital Cinema ရုပ်ရှင်ရုံများအနေနှင့် နေပြည်တော်တွင်သုံးရုံ တည်ဆောက်ပြသနိုင်ခဲ့သည်။ ယင်းတို့အနက် ဇေယျာသီရိရုပ်ရှင်ရုံနှင့် အောင်သပြေရုပ်ရှင်ရုံတို့မှာ 3-D ရုပ်ရှင်များပါပြသနိုင်သော အဆင့်မြင့်ခေတ်လွန်ရုပ်ရှင်ရုံတို့ ဖြစ်ကြသဖြင့် ရုပ်ရှင်ကဏ္ဍတွင် ခေတ်တစ်ခေတ်ကို ချင်းနင်းဝင်ရောက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ထင်ရှားပေသည်။ ထိုမှအစ နိုင်ငံတစ်ဝန်းလုံးတွင် မကြာမီ ခေတ်မီရုပ်ရှင်ရုံများ ထိုးထွက်တည်ရှိလာပေဦးတော့မည်။ ထုတ်လုပ်မှုအပိုင်းတွင်

စီးနေမိသော ကျွန်တော်တစ်ယောက် ပစ္စက္ခလောကသို့ ပြန်လည်ရောက်ခဲ့ရတော့သည်။ TV ရှေ့မှာထိုင်ရင်း စဉ်းစားခန်းဝင်နေမိသော ကျွန်တော်၊ ပြဒါးလင်းဂူမှအစ တစ်နိုင်ငံလုံးအနှံ့သို့လည်းကောင်း၊ ကျောက်ခေတ်မှစ၍ Electronic ခေတ်အထိသို့လည်းကောင်း စိတ်ကူးတို့ ထွက်ဝင် သုံးသပ်ဆင်ခြင်မိသော ကျွန်တော်တစ်ယောက်၊ တစ်ချိန်က အားနည်းခဲ့ရသလောက် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် တိုးတက်ပြုပြင်တည်ဆောက်ကာ မီဒီယာ လမ်းတစ်လျှောက် ဖြတ်သန်းရုန်းကန် ထိုးဖောက် ခရီးရောက်ခဲ့သော နိုင်ငံတော်၏ မီဒီယာကဏ္ဍ ဖြစ်ထွန်းမှုများအတွက် လေးစားဂုဏ်ယူနေမိတော့သည်။ ။

စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကွင်း အုပ်စု(စ)

အားကစားဝန်ကြီးဌာန **လေးဂိုး**

(တင်မျိုးထွန်း၊ ဆက်ဆွေ၊ လှဖြိုးမင်းသန်း၊ အာကာကျော်ထင်)

ပြန်ကြားရေးဝန်ကြီးဌာန **တစ်ဂိုး**

(စိုးချစ်ဦး)

(ဒိုင်) ဦးသိန်းစော(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(စ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန **သုံးဂိုး**

(ကိုကိုမောင်နှင့် စည်သူအောင်)

အမှတ်(၁)လျှပ်စစ်မှ အောင်ကိုကိုမင်း(ကိုယ့်ဂိုးကိုယ်သွင်း)

အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာန **သုံးဂိုး**

(စန်းဝင်း၊ စိုင်းဇော်ဇော်၊ အောင်ကိုကိုမင်း)

(ဒိုင်)ဦးသီဟကျော် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ဆ)

ဆောက်လုပ်ရေးဝန်ကြီးဌာန **နှစ်ဂိုး**

(မင်းမင်းအောင်နှင့် ကျော်ဇင်ဝင်း)

သာသနာရေးဝန်ကြီးဌာန **ဂိုးမရှိ**

(ဒိုင်) ဦးအောင်ထွန်း (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဇူလိုင် ၂၇ ရက်ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၇)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက အမျိုးသား အသက်(၁၈)နှစ်အောက် ပြိုင်ပွဲတွင် တတိယရရှိသော A-team အသင်း၊ ဒုတိယရရှိသော K.K.S အသင်း၊ ပထမရရှိသော U-no အသင်း၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် တတိယရရှိသော ပြည်ထဲရေးအသင်း၊ ဒုတိယရရှိသော အမှတ် (၁)စက်မှု (A)အသင်း၊ ပထမရရှိသော လယ်/ဆည်အသင်း၊ အမျိုးသားအလွတ်တန်းပြိုင်ပွဲ တွင် တတိယရရှိသော Fire wolf (A) အသင်း၊ ဒုတိယရရှိသော Lion အသင်းနှင့် ပထမရရှိသော D.G.H (ရွှေမြင်းနှစ်ကောင်ဓာတ်ခဲ) အသင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိကြသော အမျိုးသား အသက်(၁၈)နှစ်နှင့်အောက် ပြိုင်ပွဲတွင် စည်သူထွန်းထွန်း (U-no အသင်း)နှင့် အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် ရီရီအောင် (အမှတ်-၁ စက်မှု (A)အသင်း)တို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသား အသက် (၁၈)နှစ်နှင့်အောက် ပြိုင်ပွဲတွင် ပထမရရှိသော U-no အသင်း၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် ပထမရရှိသော လယ်/ဆည်အသင်းနှင့် အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပထမရရှိသော D.G.H (ရွှေမြင်းနှစ်ကောင်ဓာတ်ခဲ) အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပထမရရှိသော D.G.H(ရွှေမြင်းနှစ်ကောင်ဓာတ်ခဲ) အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(ရုံးချုပ်)တွင် ၁ဒသမ ၅၃လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၃၅လက်မ၊ ဘားအံမြို့တွင် ၆ဒသမ ၈၉လက်မ၊ ကော့သောင်းမြို့တွင် ၅ဒသမ ၆၇လက်မ၊ လောင်းလုံမြို့တွင် ၅ဒသမ ၂၈လက်မ၊ ကျိုက္ခမီမြို့တွင် ၅ဒသမ သုည လက်မ၊ ချောင်းဆုံမြို့တွင် ၄ဒသမ ၉၂လက်မ၊ ဂွမြို့တွင် ၄ဒသမ ၈၈လက်မ၊ မော်လမြိုင်မြို့တွင် ၃ဒသမ ၈၆လက်မ၊ သံတွဲမြို့တွင် ၃ဒသမ ၇၀လက်မ၊ ကျိုက်မရောမြို့တွင် ၃ဒသမ ၄၄လက်မ၊ မုဒုံမြို့တွင် ၃ဒသမ ၁၅လက်မ၊ ရေးမြို့တွင် ၃ဒသမ ၀၃လက်မ၊ ကလေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၂ဒသမ ၀၅လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇူလိုင် ၂၅ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို မန္တလေးတက္ကသိုလ်အားကစားရုံ (Open Shed) ၌ ယနေ့ဆက်လက်ကျင်းပရာ နံနက်ပိုင်းပြိုင်ပွဲများတွင် တောင်ကြီးတက္ကသိုလ်အသင်းက စစ်ကိုင်းပညာရေးတက္ကသိုလ်အသင်းကို လည်းကောင်း၊ မိတ္ထီလာတက္ကသိုလ် အသင်းက မိတ္ထီလာစီးပွားရေးတက္ကသိုလ်အသင်းကို လည်းကောင်း၊ ရတနာပုံတက္ကသိုလ်အသင်းက မြင်းခြံဒီဂရီကောလိပ်အသင်းကို လည်းကောင်း၊ ပခုက္ကူတက္ကသိုလ်အသင်းက မုံရွာတက္ကသိုလ်အသင်းကို လည်းကောင်း အနိုင်ရရှိကြသည်။

မွန်းလွဲပိုင်းပြိုင်ပွဲများတွင် ကလေးတက္ကသိုလ်အသင်းက မိုးညှင်းဒီဂရီကောလိပ်အသင်းကို လည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ်အသင်းက လှိုင်ကော်တက္ကသိုလ်အသင်းကို လည်းကောင်း၊ ရွှေဘိုဒီဂရီကောလိပ်အသင်းက မကွေးတက္ကသိုလ်အသင်းကို လည်းကောင်း၊ လားရှိုးတက္ကသိုလ်အသင်းက ဗန်းမော်တက္ကသိုလ်အသင်းကို လည်းကောင်း အနိုင်ရရှိသွားကြောင်းနှင့် ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပပြီး ဇူလိုင် ၂၇ ရက်တွင် ဗိုလ်လုပွဲနှင့် ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

INAX ကြွေပြား ကျောက်ပြားများနှင့် ရေချိုးခန်းသုံးပစ္စည်းများ (၅)နှစ်မြောက် မွေးနေ့နှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

TMW Enterprise Ltd. က INAX အမှတ်တံဆိပ် စတင်ဖြန့်ဖြူးခြင်း (၅)နှစ်မြောက် အထိမ်းအမှတ်နှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် (သောကြာနေ့) ညနေတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် TMW Enterprise Ltd. မှ Executive Director ဒေါ်ဝေသစ်လွင်နှင့် ဂျပန်နိုင်ငံ INAX Corporation မှ Mr. Nobuyoshi Sakai တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အခမ်းအနားတွင် ၂၀၀၉ ခုနှစ် တစ်နှစ်လုံး ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်ကြီး လေးဆိုင်အား ပထမဆုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ အပန်းဖြေခရီး စီစဉ်ထားကြောင်း ကြေညာပြီး ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

ထို့နောက် ကျန်ရှိနေသော အရောင်းကိုယ်စားလှယ်ကြီးများအားလည်း မိမိတို့ ဝယ်ယူအားပေးခဲ့သော ပမာဏများ အလိုက် SONY BRAVIA LCD များ၊ အဝတ်လျှော်စက်များ၊ ရေခဲသေတ္တာများ၊ DVD များ စသော အိမ်သုံးလျှပ်စစ် ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်များက INAX ကြွေပြား ကျောက်ပြားများနှင့် ရေချိုးခန်းသုံးပစ္စည်းများ၏ ၂၀၁၀ ခုနှစ် ဒီဇိုင်းအသစ်များ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

INAX ရေချိုးခန်းသုံး ပစ္စည်းများတွင် မိမိလက်ဖြင့် ထိတွေ့ရန်မလိုဘဲ လူရပ်လိုက်သည်နှင့် အလိုအလျောက် အဖုံးဖွင့်ပေးသောစနစ်၊ အလိုအလျောက် ရေဖျန်းပေးသောစနစ်၊ မိမိအသုံးပြုနေစဉ် အတွင်း ကြိုက်နှစ်သက်ရာ သီချင်းများ နားဆင်နိုင်ရန် အထူးတီထွင်ထားသော နည်းပညာများ အသုံးပြုထားသည့် အိမ်သာအိုးများကို တွေ့မြင်နိုင်သည်။ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော နောက်ဆုံးပေါ် ဒီဇိုင်းမျိုးစုံသာမက မြန်မာပြည်နှင့် အထူးသင့်လျော်သော အပေါ့အလေး ရေဆွဲခလုတ်နှစ်ခုဖြင့် အိမ်သာအိုးများကိုလည်း တွေ့မြင်နိုင်သည်။ ရေဆွဲခလုတ်နှစ်ခုပါရှိသော အိမ်သာအိုးများကို အသုံးပြုခြင်းအားဖြင့် ရေသုံးစွဲမှုကို လျှော့ချပေးနိုင်သည့်အပြင် အခန်းအနေအထား၊ ရေချိုးခန်းများနှင့် အထူးသင့်လျော်သော အရောင်စုံ အိမ်သာအိုးများကိုလည်း မြင်တွေ့ရွေးချယ် ဝယ်ယူနိုင်သည်။ မိသားစုတိုင်း၏ ရေချိုးခန်းတွင် အသုံးဝင်သော ဘေစင်ဒီဇိုင်းမျိုးစုံ၊ ရေခေါင်းအစရှိသည့် ပစ္စည်းများကိုလည်း စုံစုံလင်လင် တွေ့မြင်နိုင်သည်။

ထို့ပြင် ထူးခြားသော အသက်ရှူကျောက်ပြား (Ecocarat) ဒီဇိုင်းမျိုးစုံကို တွေ့မြင်နိုင်ပြီး Ecocarat ၏ ထူးခြားချက်များမှာ အခန်းတွင်းတွင် စိုထိုင်းဆမြင့်လာပါက ရေခိုးရေငွေ့များကို စုပ်ယူပေးပြီး ခြောက်သွေ့နေပါက စုပ်ယူထားသော ရေခိုးရေငွေ့များကို ပြန်လည်ထုတ်လွှတ်ပေးခြင်းအားဖြင့် ကျန်းမာရေးအတွက် သင့်လျော်သော စိုထိုင်းဆ (၄၀ ရာခိုင်နှုန်း - ၇၀ရာခိုင်နှုန်း)ကို အစဉ်ထိန်းသိမ်းပေးထားသည်။

ထို့အပြင် Ecocarat ကျောက်ပြားသည် ပိုးမွှားပေါက်ဖွားမှုနှင့် မှိုတက်မှုတို့ကို ထိန်းချုပ်ထားနိုင်ခြင်းကြောင့် ဓာတ်မတည့်ရောဂါ (Allergy) ဖြစ်ပွားမှုကို သက်သာစေနိုင်သည့်အပြင် မိမိအခန်းအတွင်းရှိ မလိုလားအပ်သော မှုန့်၊ အိမ်မွေး တိရစ္ဆာန်များ၏ အနံ့၊ ဆေးလိပ်နှင့် မီးဖိုချောင်ထွက် အမှိုက်သရိုက်များ၏ အနံ့အသက်များကို လျော့နည်းစေပြီး အခန်းတွင်းရှိ လေထုကို အမြဲသန့်ရှင်းလတ်ဆတ်စေသည်။ Ecocarat ကပ်ထားသော နံရံများတွင် ညစ်ပေစွန်းထင်းသွားပါကလည်း ခဲဖျက်ဖြင့် အလွယ်တကူသန့်ရှင်းရေးလုပ်ဆောင်နိုင်သည်။

ဒီဇိုင်းဆန်းသစ်၊ လှပခိုင်ခံ့သော INAX ကြွေပြား ကျောက်ပြားများနှင့် ရေချိုးခန်းသုံး ပစ္စည်းများကို ဝယ်ယူအားပေးလိုသူများအနေဖြင့် အမှတ် (၅၆) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၄၆၆၄၊ ၅၄၅၉၆၃၊ အခန်း (၁/ ၂/ ၃)အဆောင်(၉၃) ပုလဲလမ်း စော်ဘွားကြီးကုန်း ရန်ကုန်မြို့ ဖုန်း- ၀၁-၆၄၂၁၂၂ (လိုင်းခွဲ-၄၄၂)၊ အမှတ်-၃၅၂ လမ်း ၃၀×၈၂ လမ်းထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂ ၅၈၁-၄၊ အမှတ်(၉၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း တောင်ကြီး ဖုန်း-၀၈၁-၂၂ ၈၅၇ အမှတ် (၁၅၁/ ၁၅၃) သီရိရတနာဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၀၇၉၁၊ ၄၂၀၉၆၆ တို့တွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

TMW Enterprise Ltd. က INAX အမှတ်တံဆိပ် စတင်ဖြန့်ဖြူးခြင်း (၅)နှစ်မြောက် အထိမ်းအမှတ်နှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

အင်အားပြင်းမြေငလျင်လှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ နံနက် ၅ နာရီ ၂၇ မိနစ် ၂၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဖိလစ်ပိုင်နိုင်ငံ မိုရိုပင်လယ်ကွေ့ မင်ဒါနာအိုကျွန်းအနီး)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၇ဒသမ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဝမ်းနည်းကြေကွဲခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံတွဲခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူး (မြို့ပြ) ဦးစိုးဝင်း(၅၂)နှစ်သည် ၂၀-၇-၂၀၁၀ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးစိုးအောင် အင်ဂျင်နီယာမှူးကြီး
မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈

ဦးလှဘုန်း နှင့် ၁။ ဒေါ်ခင်ခင်မြင့်(ခ)ဒေါ်သန်းဝင်း
၂။ ဦးဇော်မိုး

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၅၇ရပ်ကွက်၊ ဇေယျာမြိုင်လမ်း၊ အမှတ်-၉၈၁တွင် နေထိုင်ခဲ့သူ (ယခုလက်ရှိနေရပ်လိပ်စာမသိ)နေ ၁။ဒေါ်ခင်ခင်မြင့်(ခ)ဒေါ်သန်းဝင်း၊ ၂။ ဦးဇော်မိုးတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးလှဘုန်းက ယုံကြည်စွာ ကူညီခဲ့သည့်ငွေကျပ်သိန်း(၅၀)နှင့် နစ်နာကြေးငွေကျပ်(၁၀)သိန်း စုစုပေါင်းငွေကျပ်သိန်း(၆၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၀ခုနှစ် ဩဂုတ်လ ၂၀ ရက် (၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့ပြင် သင်တို့ သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးမောင်မောင်အေး
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေက မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်(၁၁)လမ်း၊ အမှတ်(၄/၂၂၇)ရှိ ၉၇' × $\frac{၇၈'}{၅၈'}$ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းကျော်တိုး [၁၂/မဂဒ(နိုင်)၀၁၇၅၉၄]ထံမှ ဝယ်ယူရာ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အုန်းအုန်းတင့် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၃၉၅၆)
အမှတ်(၅၀၁)၊ ရော(၂)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၀၇၉၇၃၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးကျင်လွင် အမည်ပေါက်၊ ပုသိမ်မြို့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(၇)နယ်မြေ၊ အကွက်အမှတ်-၁၂၄၊ မာတအကွက် ဦးပိုင်အမှတ်(၃၂)၊ မြေဧရိယာ(၀. ၁၅၂)ဧကရှိ ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွယ်လွန်ပြီးဖြစ်သည့် ဦးကျင်လွင်၏ သားသမီးများ ဖြစ်ကြသော ဦးခင်လှ[၁၄/ပသန(နိုင်)၁၄၆၅၃၃]၊ ဒေါ်သန်းဦး[၁၄/ပသန(နိုင်)၁၄၆၅၃၄]၊ ဒေါ်ရင်ရင်(ခ)ဒေါ်ပန်းဦး[၁၂/မရက(နိုင်)၀၇၉၅၂၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းဝယ်ကိစ္စကို ကန့်ကွက်လိုလျှင်ကြော်ငြာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် လူကိုယ်တိုင်လာရောက်၍ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဝင်း (LL.B,C.B.L)
တရားရုံးချုပ်ရှေ့နေ (စဉ်-၅၉၆၄/၉၃)
အမှတ်-၆၂၊ ပန်းဆိုးတန်းလမ်း၊ ပထမထပ်၊
အခန်း(၁၈)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၂၀၁၈၆၆၊ ၀၁-၃၇၂၃၃၀

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်တက/၈၉၂၄၆၊ယာဉ်အမျိုးအစား ကန်ဘိုဒရင်း ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ညိုမီဇော် မှတ်ပုံတင်အမှတ်[၁၃/ပတယ(နိုင်)၀၄၉၈၉၄]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ရွှေတန်းရုံး
(အောင်ပန်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်မတလ/၁၇၂၄၅၂၊အမျိုးအမည်Jialing JL-90ယာဉ်လက်ဝယ်ရှိသူအမည်ဦးရဲလွင်ဦး မှတ်ပုံတင်အမှတ်[၉/မပမ(နိုင်)၀၂၄၃၉၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် - ၈က/၉၇၂၇၊ Toyota Hilux P/U (4x2) ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်အေးအေးမြင့် မှတ်ပုံတင်အမှတ် [၁၂/တမန(နိုင်)၀၁၄၁၀၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး
(ရန်ကုန်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀C(ရွာမ)၊ မြေကွက်အမှတ် ၂၀/C၊ မြေကွက်တည်နေရာ အမှတ်-၁၁၈၊ မင်းကြီးလမ်း၊ရွာမအရှေ့ရပ်ကွက် (ဦးစတန်လီမောင်စိန်) အမည်ပေါက် Bမြေပိုင်မြေ (၃/ခပေးပြီး) မြေအား အမည်ပေါက် ဦးစတန်လီမောင်စိန်(ခ)စောစတင်လေမောင်စိန် ကွယ်လွန်သဖြင့် နော်ဇာရဲလ်ဒါထွန်းနေ [၁၂/အစန(နိုင်)၁၂၀၃၈၇]က ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၉၈၅၈၀၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ဆွေ မှတ်ပုံတင်အမှတ် [၉/ခအဇ(နိုင်)၀၀၀၃၆၂]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် မက/၂၅၈၇၄၊ အမျိုးအမည် Jialing JL 90 အမျိုးအစား ဆိုင်ကယ်လက်ဝယ်ရှိသူ အမည်ဦးဆန်းအောင် အမျိုးသားမှတ်ပုံတင်အမှတ် [၈/မမန(နိုင်)၁၄၄၇၈၀]၏ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

စာအုပ်စာပေ
လူ့မိတ်ဆွေ

ဝမ်းနည်းကြေကွဲခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံတွဲခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူး (မြို့ပြ) ဦးစိုးဝင်း(၅၂)နှစ်သည် ၂၀-၇-၂၀၁၀ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

လမ်းအထူးအဖွဲ့(၁၃) မိတ္ထီလာမှ
ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ပြင်ဦးလွင်ခရိုင်၊ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်လွင်၏ဇနီး ဒေါ်မော်မော်ထွေး အသက်(၄၁)နှစ် ၁၈-၇-၂၀၁၀ ရက် နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီရိအဏ္ဏဝါစိုး မော်တော်ယာဉ်ထုတ်လုပ်ရေး
(ဂန္တဝင် မန္တလေးစက်မှုဇုန်)
ဦးဝေါ်လော်ဇောင်းဒေါင်၊ ဗိုလ်ကြီး ဉာဏ်ထွန်း (ငြိမ်း)
ဗိုလ်ကြီး အောင်နိုင်ထွန်း (ငြိမ်း)၊ ဦးဝင်းနိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်-၆၄၃(က)၊ ဒေါ်စိန်မြင့် အမည်ပေါက် မြေငှားစာချုပ်မူရင်းအား ထုတ်ယူခွင့်ပြုပါရန် ပါမစ်မူရင်း၊ အရောင်းအဝယ်စာချုပ်ခံဝန်ချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်စားလှယ်လွှဲစာများ တင်ပြလျက် ဦးဝင်းလှိုင်မှ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါဝင်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးဝင်းလှိုင်အား မြေငှားစာချုပ်ထုတ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃၃

ဦးသက်ဝင်း	နှင့်	ဒေါ်ခင်ဝင်းကြည်
အမှတ်-၂၈၀/စီ၊		အမှတ်(၆-ဒီ)၊ သုခဝတီလမ်း၊
ဦးဝိစာရလမ်း၊		(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့		ရန်ကုန်မြို့
တရားလို		**တရားပြိုင်**

တရားပြိုင် ဒေါ်ခင်ဝင်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက "၂၅-၆-၂၀၀၇ ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်အရ ပေးချေထားသည့် စရန်ငွေ၏ နှစ်ဆဖြစ်သော ငွေကျပ် ၃၃၀၀၀၀၀၀၀ိ/-ရလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၉ ရက် (၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ နံနက် ၉း၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လှလှရီ
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏အမှုသည်တစ်ဦးက ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ် ၇/စျ၂ဘီလန-၃၉ ရပြီး မြေပိုင်မြေ၊ ဧရိယာ(၀. ၁၉၃)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆က/အေ)၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဟုခေါ်တွင်သော အဆောက်အအုံနှင့်တကွ သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

မည်သူမဆိုအဆိုပါပစ္စည်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်သည်။

ထိုနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်လိမ့်မည်ဟု ကြေညာလိုက်သည်။

ဦးမင်းစိန်
တရားရုံးချုပ်ရှေ့နေ(၁၆၉၉)
၇-ဘီ၊ ပန်းဆိုးတန်း Office Tower
အမှတ်-၁၈၉/၁၉၅၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့

မအူကုန်းဓမ္မာရုံ စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေးအသင်း၏ အကြိမ်(၂၀)မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် ဓမ္မာရုံတည်ရှိရာ အမှတ်(၄၃) (၁၃၈)လမ်း မအူကုန်းရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ဦးအောင်မျိုးမင်း ဖုန်း-၀၉-၅၁၉၆၈၂၂နှင့် ဓမ္မာရုံအမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဒိုက်ဦးမြို့နယ် ပြန်/ဆက်ဦးစီးဌာန ရုံးကျောင်းများနှင့် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်း

ဒိုက်ဦး ဇူလိုင် ၂၄

ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၁၈ ရက်က စာရေးဆရာမြန်မာ့အသံသိန်းဟန် မိသားစုက "ထူးချွန်ထင်ရှားလေလှိုင်းအသံရှင်များ" စာအုပ်နှင့် အဖိုးတန်အဘိဓာန်စာအုပ်များ၊ ဓမ္မစာအုပ်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် စာရေးဆရာမြန်မာ့အသံသိန်းဟန်နှင့် ဇနီးဒေါ်ဝင်းယုသွယ်(အထပြ-ငြိမ်း) မိသားစုက ရုံးစာကြည့်တိုက်၊ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်) စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်များ၊ ကျေးရွာစာကြည့်တိုက်များအပါအဝင် စုစုပေါင်းစာကြည့်တိုက် ၃၀ တို့ကို ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ စာအုပ် ၂၅၀ ကိုလည်းကောင်း၊ စာရေးဆရာ နေတင်မြင့်(ဒိုက်ဦး)က ဓမ္မဗျူဟာစာစောင်အုပ်ရေ ၆၀ ကိုလည်းကောင်း၊ စာရေးဆရာ ငြိမ်းဦးခင် (ဒိုက်ဦး) နှင့် စာပေအဖွဲ့ဝင်များက မြန်မာ့အလင်း သတင်းစာများအားလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက လက်ခံရယူသည်။**(အပေါ်ပုံ)** (ကြေးမုံ)

ဝမ်းနည်းကြေကွဲခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံတွဲခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူး(မြို့ပြ) ဦးစိုးဝင်း (၅၂)နှစ်သည် ၂၀-၇-၂၀၁၀ ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးသိန်းအောင်(A.E)နှင့်
ပြင်စည်စခန်းဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံတွဲခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူး(မြို့ပြ) ဦးစိုးဝင်း (၅၂)နှစ်သည် ၂၀-၇-၂၀၁၀ ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးသိန်းအောင်(A.E)-ဒေါ်စုလတ်အောင်
မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံတွဲခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူး (မြို့ပြ) ဦးစိုးဝင်း(၅၂)နှစ်သည် ၂၀-၇-၂၀၁၀ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးဆန်းလွင် (A.E)-ဒေါ်စိုးစိုးလွင် မိသားစု
လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာ

ကျုံမငေးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ကျုံမငေးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၆ရက် ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများတက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများနှင့် စာအုပ်၊ စာရေးကိရိယာများကို ရန်ကုန်နှင့် ကျုံမငေးဒေသရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် အခြေခံပညာကျောင်းများသို့ ပေးပို့လှူဒါန်းမည်ဖြစ်ပြီး အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း) ဖုန်း-၅၇၈၁၉၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဦးမြင့် ဖုန်း-၀၉ ၅၁၆၄၄၀၊ ဦးအောင်မြင့် ဖုန်း-၀၉ ၅၀၅၈၀၇၉၊ အတွင်း ရေးမှူး ဦးသန်းနိုင် ဖုန်း-၀၉-၅၁၁၈၆၄၄၊ ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆နှင့် အသင်းတိုက်မှူး ဦးမြင့်ကြည် ဖုန်း-၂၂၇၅၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဝိုင်းမော်မြို့နယ် မိုးရာသီသွေးလွန် တုပ်ကွေးရောဂါ ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဥတုရာသီ
တောကိုမှီ၏

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
- ☆ RFA, DVB - **သွေးထိုးနေသည်။**
- ☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။**

ကမ္ဘာ့ရွာအတွင်း ချင်းနင်းဝင်ရောက် ပြည်သူတို့ ခရီးပေါက်စေမည့် ပြန်ကြားရေးကဏ္ဍ

သတင်းဆောင်းပါး-လှိုင်ဘွား(ပါရမီ)

တတ်ပုံမှတ်တမ်း-ကြေးမုံ

အဆင်အပြင်-မာမာစိုး

မကြာသေးမီက အားလပ်ရက်တစ်ရက်တွင် TV ရှေ့မှာ ထိုင်ရင်း Myanmar International (MI) အစီအစဉ်ကို ရွေးချယ်ကြည့်ရှုဖြစ်ခဲ့သည်။ အစီအစဉ်ကား ပြဒါးလင်းဂူများအကြောင်း Documentary Programme ဖြစ်သည်။ ခဏတာထိုင်မည်ဟုသာ ကြံခဲ့သော်လည်း တင်ဆက်သူ၏ စုံလင်လှစွာသော ရှင်းလင်းမှုနှင့် စိတ်ဝင်စားဖွယ်ရာမြင်ကွင်းတို့ကြောင့် ထိုင်ရာမှ မထနိုင်တော့လောက်အောင် ဖြစ်ရသည်။ မြန်မာဖြစ်သူ ကျွန်တော်တို့ပင် မမြင်ဖြစ်ခဲ့သော ဂူတွင်းနံရံပန်းချီများက မြန်မာ့မြေပေါ်တွင် ကမ္ဘာဦးကျောက်ခေတ်လူသားတို့ နေထိုင်ခဲ့ကြမှုကို သက်သေပြနေတော့ပေရာ မြန်မာဟူသည် ကမ္ဘာဦးအစကပင် ဤနေရာဤဒေသ၌ ပေါက်ဖွားရင့်သန်လာခဲ့သော အစဉ်အလာကြီးသည့် မျိုးနွယ်တစ်ခုဖြစ်ကြောင်း ငြင်းစရာအကြောင်း မရှိနိုင်တော့သည်မှာ သေချာသွားခဲ့ပေပြီ။ ထို့အပြင် ဂူအတွင်းမှ သဘာဝအလျောက် ဖြစ်ပေါ်နေသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

၂၀၁၀ ခုနှစ် မတ်လ ၃၁ ရက်က Myanmar International **ရုပ်သံလိုင်း စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံ ဥပစာ၌ ကျင်းပစဉ်။**